# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၆)ရက် ၊ စနေနေ့ ၊ (17-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၇၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဌမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၂၆ ဦး တက်ရောက်သဖြင့် ၉၃ ဒသမ ၉၃ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော

စာမျက်နှာ ၁၈ ကော်လံ ၁

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၆**

၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊လေ)အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဒိုင်း ပထမဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံဆင်ခြေလျှောမြေသားနိမ့်ကျမှုကို ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များက မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်

စာမျက်နှာ ၂၁ ကော်လံ ၁

## သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်အတွက် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတို့တွင် ခေတ်မီလေအေးပေးစက်ပါ

စာမျက်နှာ ၂၁ ကော်လံ ၄



ရတနာပုံ

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၇ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံ၏စွမ်းအင်လိုအပ်ချက်ကိုဖြည့်ဆည်းပေးမည့် သန်လျင်ရေနံချက်စက်ရုံ

ယနေ့အချိန်ကာလသည် ကမ္ဘာတစ်ဝန်းတွင် စက်သုံးဆီအခက်အခဲများ ဖြစ်ပေါ်နေလျက်ရှိသည့် အချိန်ဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခမဖြစ်မီက စက်သုံးဆီဈေးနှုန်းသည် ရေနံစိမ်းကုန်ကြမ်းထက် ၃၀ ရာခိုင်နှုန်းခန့်သာ ပိုမိုသော်လည်း ယခုအချိန်တွင် နှစ်ဆခွဲခန့်အထိ မြင့်တက်နေသည့်အတွက် ရေနံချက်စက်ရုံများ လျင်မြန်စွာပေါ်ထွက်လာစေရန် လိုအပ်လာသည်။

မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတပစ္စည်းများ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ရေနံလုပ်ငန်းနှင့်ပတ်သက်၍ သမိုင်းမှတ်တမ်းများအရ ၁၈၇၁ ခုနှစ်ကတည်းက ရန်ကုန်ရေနံကုမ္ပဏီအမည်ဖြင့် ရေနံချက်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၂၅ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီလီမိတက်က တစ်ရက်လျှင် ရေနံစိမ်းဂါလန်ရှစ်သိန်း ချက်လုပ်နိုင်သည့် သန်လျင်ရေနံချက်စက်ရုံကို တည်ဆောက်ခဲ့ပြီး ပြည်တွင်းရေနံမြေများမှရရှိသည့် ရေနံစိမ်းများကို ပိုက်လိုင်းများဖြင့် ပို့ဆောင်ချက်လုပ်ကာ ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့မှုတို့အတွက် ဆောင်ရွက်ခဲ့သည်။

အောက်တိုဘာ ၁၄ ရက်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားကို သန်လျင်မြို့ရှိ အဆိုပါစက်ရုံနေရာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဖွင့်ပွဲအထိမ်းအမှတ်ဂုဏ်ပြုအမှာစကားပြောကြားရာတွင် **"ဒုတိယကမ္ဘာစစ်ကာလအတွင်း ရေနံလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသော်လည်း ပြန်လည်ပြုပြင်တည်ဆောက်နိုင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ရေနံချက်စက်ရုံကို ပြန်လည်လည်ပတ်နိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင်လည်း စက်ရုံကို အဆင့်ဆင့်တိုးချဲ့တည်ဆောက်ခဲ့ကြောင်း၊ သို့သော် ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှုနည်းပညာ၊ ထုတ်ကုန်အရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်တို့အကြား ဟန်ချက်မညီပါက စက်ရုံတည်ရှိနေရုံဖြင့် ရေရှည်အောင်မြင်မှုကို မရနိုင်သည်ကို သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ရေနံချက်စက်ရုံသစ်ကို တည်ဆောက်လည်ပတ်ရာတွင်လည်း စက်ရုံတည်ဆောက်ရေး တစ်ခုတည်းကိုသာ အာရုံစိုက်မနေဘဲ ကုန်ကြမ်းလုံလောက်မှု၊ ထုတ်လုပ်မှုစွမ်းဆောင်ရည်၊ ထုတ်ကုန်အရည်အသွေးနှင့် စီးပွားရေးအရ အကျိုးအမြတ်ရှိမှုတို့ကိုလည်း တစ်ပြိုင်တည်း စနစ်တကျ စီမံဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း"** စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

သန်လျင်ရေနံချက်စက်ရုံသစ်အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်းက ထုတ်လုပ်သည့်ရေနံစိမ်းနှင့် ပြည်ပကရရှိနိုင်သည့် ကုန်ကြမ်းများကိုပေါင်းစပ်စီမံခန့်ခွဲပြီး ပြည်တွင်း၌ စက်သုံးဆီထုတ်လုပ်မှု တိုးမြှင့်ရခြင်းသည် ပြည်ပကတင်သွင်းမှုကို အစားထိုးနိုင်ရန် တစ်ခုတည်းအတွက်သာမကနိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှု ကဏ္ဍများအတွက် လိုအပ်သည့်စွမ်းအင်ကိုဖြည့်ဆည်းပေးနိုင်ရန်နှင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့သည့် စီးပွားရေးအကျိုးအမြတ်များ ရရှိစေရန်လည်းဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် သန်လျင်ရေနံချက်စက်ရုံသစ်သည် ပြည်တွင်းရေနံချက်လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရေးပါသည့်အပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ **"စွမ်းအင်ပြည့်ဖြိုး နိုင်ငံ့အကျိုး"**ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံ၏စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အောင်မြင်စွာဖြည့်ဆည်း ဆောင်ရွက်နိုင်သည့် ရေနံချက်စက်ရုံတစ်ရုံဖြစ်လာမည်ပင်ဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့် ယုံကြည်ရေးသားလိုက်ရပေသည်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရွှေဘို အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက၂၄၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၃၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဖူးစားပြောင်း ဧက ၂၄၅၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် ပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဟင်္သာတမြို့နယ်တွင် ငါးပုတ်သင်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**ဟင်္သာတ အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ငါးပုတ်သင်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြသည်။

ဟင်္သာတမြို့နယ် ငါးဈေးကွက်တွင် ငါးပုတ်သင်များ ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ ဝယ်လိုအားကောင်းကာ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာချိန် ၂၀၀၀ မှ ၂၇၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ အရောင်းအဝယ် ဖြစ်နေပါတယ်။ ဒေသတွင်းအပြင် ရန်ကုန်ဈေးကွက်ကလဲ ဝယ်ယူမှုများနေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ရေထွက်ကုန်တင်ပို့မှု ကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေနေတာတွေ့ရပါတယ်" ဟု ဟင်္သာတမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ မှ ၄၇၀၀၀ ထိ အရွယ်အစားပေါ် မူတည်ပြီး ဈေးအပြောင်းအလဲ ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အမရပူရမြို့နယ် ပွဲတော်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**အမရပူရ အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စားတော်ကျေးရွာအုပ်စု ပွဲတော်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်သီတာခိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါ ပွဲတော်ကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်း ငွေကျပ် ၁၈သန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

## သာစည်မြို့နယ် ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆည်ကြီးမြောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၂၁ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၂၅ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

## ကျောက်ပန်းတောင်းမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပြီး ဇာတ်တိုက်လေ့ကျင့်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို အောက်တိုဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စံကားဝါမြေခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်က မီးဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာများအတွင်း မီးလန့်မှု၊ မီးလောင်မှု မဖြစ်ပွားစေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိရမည့် ကာကွယ်ရေးလုပ်ငန်းများ၊ အယ်လ်နီညိုကြောင့်ဖြစ်ပေါ်လာနိုင်သည့် မီးဘေးအန္တရာယ်များနှင့် မီးသတ်ဆေးဘူးသုံးစွဲသည့်နည်းလမ်းများကို ပညာပေးရှင်းလင်းဟောပြောသည်။

ထို့နောက် ခန်းမရှေ့မြေကွက်လပ်တွင် မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှုကို မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းနှင့် ရေစိုဝတ်ဖြင့် အောက်ဆီဂျင်ဖြတ်တောက် ငြိမ်းသတ်နည်းများကို လက်တွေ့ပြသကြပြီး တက်ရောက်လာသူများနှင့်အတူ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **အောင်နေဦး**

## ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ဒီပဲယင်း အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၄၆၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၃၅ ဒသမ ၀၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မြေပဲ ၃၅၄၆၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။ (၂၀၆)

## ရမည်းသင်းမြို့နယ် နွားကူးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ရမည်းသင်း အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နွားကူးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက နွားကူးကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၅၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်မြေသား တစ်ပေ ကိုးလက်မ၊ ချင်းမြေကိုးလက်မခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၂၁ ဒသမ ၆၇ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဝင်းမြတ်သိန်းထံမှ သိရသည်။ **အောင်ရဲကျော်**

## ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း အုန်းသီးအနုအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဒေသထွက် အုန်းသီးအနုအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း အုန်းသီးအနုအလုံးရေ ၅၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း အုန်းသီးအနုအလုံးရေ ၆၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ စက်တင်ဘာလထဲမှာ အုန်းသီးအနုအလုံးရေ ၆၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က စက်တင်ဘာလထဲမှာကော လတ်တလောအနေနဲ့ပါ အုန်းသီးအနုတွေ ဝယ်ယူမှုများနေပါတယ်။ ဒေသထွက် အုန်းသီးအနုတွေ ဝယ်ယူမှုကောင်းလာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကို ရင့်တဲ့ထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုအလုံးရေအများအပြား တင်ပို့ရောင်းချနေရသဖြင့် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေနေကြောင်း ကျောင်းကုန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကြက်သွန်နီမှရရှိနိုင်မည့် ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်

**ကြက်သွန်နီ (Onion)**

ကြက်သွန်နီသည် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့၏ ဟင်းခတ်အမွှေးအကြိုင်အဖြစ် ဟင်းချက်ရာတွင် နေ့စဉ်အသုံးပြုလျက်ရှိသည့် ဟင်းလျာများ၏အရသာကို ပိုမိုကောင်းမွန်စေရုံမျှမက ကျန်းမာရေးအတွက်လည်း များစွာအကျိုးပြုသည်။

ကြက်သွန်နီသည် Amaryllidaceae မျိုးရင်း (Family) အုပ်စုဝင်ဖြစ်ပြီး အင်္ဂလိပ်လို Onionနှင့် ရုက္ခဗေဒအမည်မှာ Allium Cepa Linn ဖြစ်သည်။

ကမ္ဘာပေါ်တွင် တရုတ်၊ အိန္ဒိယ၊ အီဂျစ်၊ အမေရိကန်နိုင်ငံနှင့် တူရကီနိုင်ငံတို့သည် ကြက်သွန်နီ အများဆုံး စိုက်ပျိုးထုတ်လုပ်သော နိုင်ငံများဖြစ်ကြသည်။ ပြည်တွင်း၌ မကွေးတိုင်းဒေသကြီး (ဆိပ်ဖြူ၊ ယင်းမာပင်၊ တောင်တွင်းကြီး)၊ မန္တလေးတိုင်းဒေသကြီး (မြင်းခြံ၊ မြစ်သား၊ ကျောက်ဆည်)နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးသည်။

**ကြက်သွန်နီတွင်ပါဝင်သောအာဟာရဓာတ်များ**

ကြက်သွန်နီအစိမ်းသည် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များ၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်သည်။ ကြက်သွန်နီတွင် အမျှင်ဓာတ်၊ ရေဓာတ်၊ ပိုတက်စီယမ်ဓာတ်၊ ဆာလဖာဓာတ်၊ ဗီတာမင် C ၊ ဖောလိတ် (Forlate) နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) စသည်တို့ပါဝင်နေသည်။ ကြက်သွန်နီအစိမ်းတွင် ကိုယ်ခံစွမ်းအား၊ နှလုံးကျန်းမာရေးနှင့်ရောင်ရမ်းမှုကို လျှော့ချပေးနိုင်သည့် ဗီတာမင် C ၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းနှင့်ဆာလဖာဒြပ်ပေါင်းများ ကြွယ်ဝစွာပါဝင်သည်။ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးသည့် ဗီတာမင် C နှင့် ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုသည့် ဗီတာမင် B6 တို့ ပါဝင်သည့်အပြင် နှလုံးကျန်းမာရေးအတွက် ပိုတက် စီယမ် (K)၊ အရိုးတည်ဆောက်ရာတွင် မဂ္ဂနိစ် (Mn) အထောက်အကူပြုပြီး စွမ်းအင်ထုတ်လုပ်ရန် အတွက် လိုအပ်သည့် ဖော့စဖရတ်(P) ကဲ့သို့သော မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်များပါဝင်သည်။

**ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝခြင်း**

ဓာတ်တိုးဆန့်ကျင်ပစ္စည်း ကြွယ်ဝသည်ဟု နာမည်ကြီးသည့် မီးဖိုချောင်ပစ္စည်းတစ်မျိုးဖြစ်သည်။ ကြက်သွန်နီတွင် ဓာတ်တိုးပစ္စည်းများကြောင့် ဆဲလ်များပျက်စီးခြင်းကို ကာကွယ်ပေးနိုင်သည့် Flavonoid နှင့် Phenolic ဒြပ်ပေါင်းများ ပါဝင်နေသဖြင့် ဓာတ်တိုးပစ္စည်းများကြောင့် ကင်ဆာရောဂါနှင့် နှလုံးရောဂါအပါအဝင် နာတာရှည်ကျန်းမာရေးပြဿနာများမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ အစာအိမ်နှင့် အူမကြီးကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်း ပါဝင်သည်။

**မြန်မာ့ဆေးကျမ်းပါ ကြက်သွန်နီ၏အာနိသင်များ**

မြန်မာ့ဆေးကျမ်းများအလိုအရ ကြက်သွန်နီသည် ချို၏။ စပ်၏။ အနည်းငယ်ပူ၏။ လေသလိပ်၊ အဖျား၊ ချောင်းဆိုးနာတို့ကိုနိုင်၏။ ဆီးရွှင်စေ၏။ နှုတ်မမြိန်၊ အော့အန်ရောဂါတို့ကို ပျောက်စေ၏။ ခွန်အားကိုဖြစ်စေ သုက်အားကို ပွားများစေတတ်၏။ အော့အန်ခြင်းစသော ရောဂါများကို ပျောက်ကင်းစေတတ်၏။ ကြက်သွန်နီဥကို အစိမ်းစားခြင်းဖြင့် ဆီးချုပ်ရောဂါပျောက်ကင်း၍ ဆီးရွှင်စေ၏။ ကြက်သွန်နီစေ့ကိုထောင်းစားက အားတိုးစေ၏။ မီးဖုတ်ထားသော ကြက်သွန်နီကိုခွဲ၍ ဆီးအိမ်ပေါ်၌ ပူပူနွေးနွေး ကပ်ပေးသော် ကလေးဆီးချုပ်ရောဂါပျောက်၏။ ကြက်သွန်နီရည် အနည်းငယ်ကို တိုက်ကျွေးပေးလျှင် ကလေးများ ဝမ်းဗိုက်နာရောဂါပျောက်၏။ သကြားနှင့် ကြက်သွန်နီအရည်ညှစ်၍ ရှလပတ်ရည်လုပ်သောက်သော် ဆီးပူရောဂါ၊ ဝမ်းရောဂါပျောက်၏။ ကြက်သွန်နီလတ်လတ်ဆတ်ဆတ်ညှစ်၍ ကြွေခွက်ထဲဝက် သကြားအနည်းငယ်ထည့်ပြီး တစ်နေ့တစ်ကြိမ်သောက်သော် သွေးပါကလိပ်ခေါင်းရောဂါသက်သာ၏။ ညအခါ မျက်စိမမြင်ရသည့် ကြက်မျက်သင့်သောရောဂါအတွက် ကြက်သွန်နီအရည်တွင် ဆားအနည်းငယ်ထည့်၍ မျက်စဉ်းခတ်ပေးသော်ပျောက်၏။ ကြက်သွန်နီမီးဖုတ် အရည်နွေးနွေးကိုနားထဲထည့်သော် နားကိုက်ရောဂါပျောက်၏။ ကြက်သွန်နီ အရည်ညှစ်၍ နားထဲတစ်နေ့သုံးကြိမ်



ထည့်သော် နားပြည်ယိုရောဂါပျောက်၏။ ကြက်သွန်နီကို ဓားဖြင့်လှီး၍အစေးထွက်လာလျှင်ထိပ်ဝကို ကွမ်းစားထုံးသုတ်၍ ကင်းမြီးကောက်စသော အဆိပ်ရှိသတ္တဝါကိုက်သည့်နေရာ၌ ၎င်းထိပ်ဝဖြင့်ပွတ်ခြင်း၊ အရည်ညှစ်၍သုတ်လိမ်းခြင်းဖြင့် အဆိပ်မတက်နိုင်တော့ချေ။ ကြက်သွန်နီကို ဒူလာပါဒရက်၊ မီးယပ်ပိန်ခြောက်၊ ရင်နာလေနာရောဂါများအတွက် ဖော်စပ်သော ဆေးများတွင်လည်း ထည့်သွင်းအသုံးပြုနိုင်၏ဟုဖော်ပြထားသည်။

**ကြက်သွန်နီ၏ ကျန်းမာရေးအကျိုးကျေးဇူးများ**

ကြက်သွန်နီအစိမ်းတွင်ပါဝင်သည့် ဇင့် (Zn)နှင့် သံဓာတ်ကဲ့သို့ သတ္တုဓာတ်များအပါအဝင် ဆာလဖာဒြပ်ပေါင်းများသည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် အာဟာရဓာတ်များကို စုပ်ယူမှုအားကောင်းစေသည်။ ဤသတ္တုဓာတ်များသည် ကိုယ်ခံအားတုံ့ပြန်မှု၊ အနာကျက်ခြင်းနှင့် အောက်ဆီဂျင်ပို့ဆောင်ခြင်းအပါအဝင် ကိုယ်ခန္ဓာလုပ်ဆောင်ချက်အမျိုးမျိုးအတွက် မရှိမဖြစ်လိုအပ်သည်။ အာဟာရစုပ်ယူမှုကို ပိုမိုကောင်းမွန်စေပြီး ခန္ဓာကိုယ်သည် စားသုံးသည့် အစားအစာများမှ အကျိုးကျေးဇူးအများဆုံးရရှိကြောင်း သေချာစေသည်။

ကြက်သွန်နီကို ချက်ပြုတ်ကြော်လှော်ပြီး စားခြင်းဖြင့် ဟင်းအရသာတိုးစေနိုင်သလို ကြက်သွန်နီကို အစိမ်းစားခြင်းဖြင့်လည်း ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။ ကြက်သွန်နီအစိမ်းတွင် ကယ်လိုရီပါဝင်မှုနည်းသလို အဆီလည်း ပါဝင်မှုနည်းသောကြောင့် ကြက်သွန်နီသည် ကျန်းမာရေးအတွက် အထောက်အကူပြုပေးနိုင်သည့် အစားအစာဖြစ်သည်။

**အစာခြေစနစ်ကောင်းစေခြင်း**

ကြက်သွန်နီအစိမ်းတွင် အစာခြေဖျက်မှုကို ပံ့ပိုးပေးပြီး ကျန်းမာသောအူလမ်းကြောင်း ဘက်တီးရီးယားများကို အာဟာရဖြည့်ပေးသော Prebiotics ကြွယ်ဝစွာပါဝင်သောကြောင့် သိုင်းရှိုက်နှင့် အစာခြေစနစ်ကိုကောင်းမွန်စေသည်။ ကြက်သွန်နီအစိမ်းတွင် အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်နေသောကြောင့် အစာခြေစနစ်ကိုကျန်းမာစေပြီး ဝမ်းမှန်စေရန်နှင့် အစာမကြေခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးနိုင်သောကြောင့် ဝမ်းချုပ်ခြင်းမျိုးကင်းစေပြီး အူမကြီးကိုကျန်းမာစေရန်နှင့် အူလမ်းကြောင်းကျန်းမာရေးကို အထောက်အကူပြုပြီး ရောင်ရမ်းမှုကိုလျှော့ချပေးကာ ကယ်လိုရီကို ထိန်းချုပ်ပေးနိုင်သည်။ ကြက်သွန်နီအစိမ်းသည် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးပြီး အစာခြေစနစ်ကို အထောက်အကူပြုကာ အချို့သော လူများတွင် ဓာတ်ငွေ့ သို့မဟုတ် ရင်ပူခြင်းဖြစ်နိုင်သည်။

**ကင်ဆာရောဂါကို ဟန့်တားနိုင်ခြင်း**

ကြက်သွန်နီအစိမ်းတွင် ကင်ဆာရောဂါကို ဆန့်ကျင်သည့် ဂုဏ်သတ္တိများပါဝင်ကြောင်း အထူးသဖြင့် Quercetin နှင့် Sulfur ဒြပ်ပေါင်းများမြင့်မားသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ကင်ဆာဆဲလ်များကြီးထွားမှုကိုဟန့်တားကာ ဆဲလ်အသေနှင့် ကင်ဆာအကျိတ်များပြန့်ပွားမှုကို တားဆီးပေးကြောင်း သုတေသနပြုချက်များတွင် ဖော်ပြထားသည်။ ကြက်သွန်နီစိမ်းတွင်ပါဝင်သည့် အမျှင်ဓာတ်နှင့် Prebiotics က အူမကြီးကျန်းမာရေးကိုအထောက်အကူပြုပြီး အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ ကြက်သွန်နီ၏ ဘက်တီးရီးယားပိုးမွှား ဂုဏ်သတ္တိများသည် အစာအိမ်ကင်ဆာနှင့် ဆက်စပ်နေသည့် Helicobacter Pylori ဘက်တီးရီးယားများကို တိုက်ဖျက်ရန်ကူညီပေးပြီး Quercetin နှင့် အခြား Flavonoids များသည် ရင်သားကင်ဆာဆဲလ်များ ကြီးထွားမှုကိုဟန့်တားကြောင်း ဖော်ပြထားသည်။

**သွေးတွင်းသကြားဓာတ် ထိန်းညှိပေးခြင်း**

ကြက်သွန်နီအစိမ်းသည် အင်ဆူလင်လုပ်ဆောင်ချက်ကိုပံ့ပိုးပေးပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးသောကြောင့် ဆီးချိုဝေဒနာရှင်များ အတွက် ကြက်သွန်နီအစိမ်းကို စားခြင်းဖြင့် ကျန်းမာစေသည်။

**နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်နိုင်ခြေ လျှော့ချပေးနိုင်ခြင်း**

ကြက်သွန်နီအစိမ်းတွင် သွေးတိုးကျစေသလို အရောင်ကျစေနိုင်သော Quercetin ဒြပ်ပေါင်းကြောင့် နှလုံးသွေးကြောဆိုင်ရာ ကျန်းမာရေးကို ကောင်းမွန်စေပြီး သွေးခဲခြင်း၊ သွေးကြောထဲတွင် အဆီစုပုံခြင်းမျိုးကဲ့သို့ နှလုံးသွေးကြောများကိုထိခိုက်စေနိုင်သည့်အခြေအနေများကို ကာကွယ်ပေးသည်။

**ကိုယ်ခံအားကောင်းစေ၍ ရောင်ရမ်းမှုကို သက်သာစေခြင်း**

ကြက်သွန်နီတွင် ဗီတာမင် C ပါဝင်နေသောကြောင့် ကိုယ်ခံအားကောင်းစေပြီး သွေးဖြူဥဆဲလ်များထုတ်လုပ်မှုကို တိုးမြှင့်ပေးနိုင်သည်။ အအေးမိဖျားနာခြင်းများကို သက်သာစေနိုင်သကဲ့သို့ အခြားသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာများ မဖြစ်စေရန်လည်း ကာကွယ်ပေးနိုင်သည်။

ကြက်သွန်နီအစိမ်းတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သည့် Flavonoids နှင့် Polyphenols များ ပါဝင်သောကြောင့် ရောင်ရမ်းမှုကို တိုက်ဖျက်ရန် ကူညီပေးသည့်အပြင် Quercetin ကဲ့သို့အစွမ်းထက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သဖြင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုကို သက်သာစေသည်။ ကိုလက်စထရောကို လျှော့ကျစေကာ သွေးတွင်း သကြားဓာတ်ကိုထိန်းပေးပြီး ရောင်ရမ်းမှုကို လျှော့ချပေးနိုင်သောကြောင့် ကြက်သွန်နီအစိမ်းကို နေ့စဉ်စားသုံးပေးသင့်သည်။

**အရိုးသန်မာစေ၍ကိုယ်အလေးချိန်ကိုထိန်းညှိပေးခြင်း**

ကြက်သွန်နီအစိမ်းတွင် ကယ်လ်စီယမ်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် အရိုးများကိုသန်မာစေပြီး အရိုးပွရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ အရိုးသိပ်သည်းဆကျဆင်းမှုနှင့် အရိုးပါးခြင်းမျိုးဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်သည်။

ကြက်သွန်နီအစိမ်းသည် အမျှင်ဓာတ်များပြီး ကယ်လိုရီနည်းပါးသောကြောင့် ကိုယ်အလေးချိန်ထိန်းရန်အတွက် အကောင်းဆုံးရွေးချယ်မှုတစ်ခုဖြစ်သည်။ ကြက်သွန်နီအစိမ်း ၁၀၀ ဂရမ်စားသုံးခြင်းသည် ခန့်မှန်းခြေအားဖြင့် စွမ်းအင် ၄၀ ကီလိုကယ်လိုရီ၊ ကာဘိုဟိုက်ဒရိတ် ၉ ဒသမ ၃၄ ဂရမ်၊ ပရိုတင်းခြောက်ဂရမ်နှင့် အဆီ သုည ဒသမ ၁ ဂရမ် ရရှိစေသောကြောင့် စိတ်ကျေနပ်မှုကိုရရှိစေပြီး ကယ်လိုရီကိုထိန်းချုပ်ပေးနိုင်သဖြင့် ကိုယ်အလေးချိန်ကို ထိန်းချုပ်ပေးနိုင်သည်။

**အရေပြားနှင့်ဆံပင်ကျန်းမာစေခြင်း**

ကြက်သွန်နီအစိမ်းတွင် ဗီတာမင်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်မှုကြောင့် အသားအရေနှင့် ဆံပင်ကို ကျန်းမာသန်စွမ်းစေပါသည်။ ဗီတာမင် C သည် အရေပြားတင်းရင်းမှုကို ထိန်းသိမ်းရန်နှင့်အရေးအကြောင်းများကို တားဆီးရန်အတွက် မရှိမဖြစ်လိုအပ်သော ကော်လာဂျင်ထုတ်လုပ်မှုကိုကူညီပေးသည်။ ဘက်တီးရီးယားပိုးမွှားများ၏ ဂုဏ်သတ္တိများက အရေပြားပိုးဝင်ခြင်းနှင့် ဝက်ခြံများကို တိုက်ဖျက်ပေးသည်။ ဆံသားကျန်းမာရေးအတွက် ကြက်သွန်နီတွင်ပါဝင်သည့် ဆာလဖာဓာတ် (S)သည် ဦးရေပြားကို သွေးလည်ပတ်မှုကောင်းစေသဖြင့် ဆံပင်ပါးလွှာခြင်းကို သက်သာစေပြီး လျှော့ချပေးသည်။

**ဆီးချိုထိန်းညှိပေးနိုင်ခြင်း**

ကြက်သွန်နီအစိမ်းတွင် Allyl Propyl Disulfide ဟုခေါ်သည့် ဒြပ်ပေါင်းတစ်မျိုးပါဝင်သောကြောင့် သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးပြီး အမျိုးအစား -၂ ဆီးချိုရှိသူများတွင် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သည်။ အမျှင်ဓာတ်ပါဝင်ခြင်းကြောင့်လည်း အစားစားပြီးချိန်တွင် ရုတ်တရက် သွေးတွင်းသကြားဓာတ် မြင့်တက်ခြင်း မဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။

စာမျက်နှာ ၅ သို့ á

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၂၃၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၂၃၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝါးခယ်မမြို့နယ်တွင် မြေပဲ ၆၂၃၂ ဧကကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြေပဲစိုက်ခင်းများ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရန် လိုအပ်သည့် စိုက်ပျိုးရေး သွင်းအားစုများကို သက်သာသည့်နှုန်းထားဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းကာ ကူညီပံ့ပိုးဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ် တစ်ခုလုံး အနေနဲ့ မြေပဲဧက ၆၂၀၀ ကျော်ထိ လျာထားစိုက်ပျိုးမှာ ဖြစ်ပါတယ်။ မြေပဲတွေကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့၊ လျာထားဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါတွေ ကာကွယ်နိုင်ဖို့ နည်းပညာပေး လုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံများ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့် သက်ဆိုင်ရာ ဌာနများက ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှအဆက်**

**ကလေးငယ်များကို ကြက်သွန်နီကျွေးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ**

ကြက်သွန်နီတွင် ဓာတ်တိုးဆန့်ကျင်အာနိသင် ကြွယ်ဝစွာပါဝင်သောကြောင့် ကလေးကို ရောဂါများအန္တရာယ်မှ အထိရောက်ဆုံး ကာကွယ်ပေးပြီး ကျန်းမာစေပါသည်။ ကြက်သွန်နီက ရောင်ရမ်းမှုကို သက်သာစေပြီး ကလေးကို ပန်းနာရင်ကျပ်ရောဂါမဖြစ်ပွားစေရန် ကာကွယ်ပေးနိုင်ပြီး အသက်ရှူလမ်းကြောင်းကိုလည်း ကျန်းမာစေသည်။ ကြက်သွန်နီက သွေးတွင်းကိုလက်စထရောကိုကျဆင်းစေပြီး ကလေးငယ်ကို အသက်အရွယ်ရလာသည့်အချိန်တွင် နှလုံးရောဂါမဖြစ်စေရန် အထိရောက်ဆုံး ကာကွယ်ပေးနိုင်သည်။ ကြက်သွန်နီတွင် ဗီတာမင် C ကြွယ်ဝစွာပါဝင်နေသောကြောင့် ဘက်တီးရီးယားကူးစက်မှုကို ကာကွယ်ပေးသကဲ့သို့ ကိုယ်ခံအားကောင်းစေရန် အကောင်းဆုံး ထောက်ပံ့ပေးနိုင်ပြီး ခန္ဓာကိုယ်အတွက် သံဓာတ်စုပ်ယူမှုကောင်းစေရန် အကောင်းဆုံး အားဖြည့်ပေးသည်။ ကြက်သွန်နီသည် ကလေးများတွင် ခံစားရနိုင်သည့် နှာစေးနှာပိတ်ပြဿနာ ကင်းဝေးစေရန် အထိရောက်ဆုံး အားဖြည့်ပေးနိုင်သကဲ့သို့ ချောင်းဆိုးသက်သာစေရန်လည်း ကူညီပေးသည်။

**ဘေးထွက်ဆိုးကျိုးများ**

ကြက်သွန်နီအစိမ်းသည် ကျန်းမာရေးနှင့်ညီညွတ်သော်လည်း အချို့သောလူများအတွက် အပျော့စားပြဿနာများ ဖြစ်စေနိုင်သည်။ ကြက်သွန်နီအစိမ်းကို လွန်ကဲစွာစားသုံးပါက ရင်ပူခြင်း၊ ပါးစပ်အတွင်း ပူစပ်ပူလောင်ဖြစ်ခြင်း၊ လေပွခြင်းနှင့် အစာအိမ်အချဉ်ပြန်ခြင်းကဲ့သို့ အစာအိမ်မအီမသာဖြစ်ခြင်းတို့ ဖြစ်နိုင်သည်။ ကြက်သွန်နီအစိမ်းတွင် ပါဝင်သော ဆာလဖာဒြပ်ပေါင်းများကြောင့် စားသုံးပြီးပါက ခံတွင်းနှင့် ချွေးအနံ့ပြင်းထန်နိုင်သည်။ အချို့သူများတွင် ကြက်သွန်နီနှင့် ဓာတ်မတည့်ဘဲ အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း သို့မဟုတ် အသက်ရှူရခက်ခဲခြင်း ဖြစ်ပေါ်နိုင်သည်။ ခွေးနှင့်ကြောင်ကဲ့သို့ အိမ်မွေးတိရစ္ဆာန်များအတွက် ကြက်သွန်နီသည် အလွန်အန္တရာယ်များပြီး သွေးအားနည်းရောဂါဖြစ်စေနိုင်သည်။

**အနှစ်ချုပ်**

ကြက်သွန်နီသည် ကြော်လှော်ချက်ပြုတ် စွယ်စုံသုံးနိုင်ပြီး အာဟာရဓာတ်များ ကြွယ်ဝသည်။ ကြက်သွန်နီအစိမ်းသည် အစာခြေဖျက်ရန်နှင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုပြီး ကယ်လိုရီပါဝင်မှုနည်းသကဲ့သို့ အဆီလည်းပါဝင်မှုနည်းသောကြောင့် ကျန်းမာရေးအတွက် အထောက်အကူပြုပေးနိုင်သည့် အစားအစာတစ်ခုဖြစ်သည်။ ကြက်သွန်နီအစိမ်းသည် မီးဖိုချောင်သုံး အစားအစာတစ်ခုထက်ပိုပြီး နှလုံးကျန်းမာရေး၊ ကိုယ်ခံစွမ်းအား၊ အစာခြေဖျက်မှုနှင့် အခြားအရာများကိုပံ့ပိုးပေးသည့် အစွမ်းထက်သော အာဟာရဓာတ်များအပြည့်အဝပါဝင်သည်။ ကိုယ်အလေးချိန်ထိန်းညှိရန်၊ သိုင်းရွိုက်ကို ထောက်ပံ့ပေးရန်၊ အရေပြားကျန်းမာရေးကိုမြှင့်တင်ရန် အစားအစာများတွင် ကြက်သွန်နီစိမ်းထည့်စားခြင်းသည် ရိုးရှင်းပြီးထိရောက်မှုရှိသည့် ရွေးချယ်မှုတစ်ခုဖြစ်သည်။ ကြက်သွန်နီသည် စိုက်ပျိုးထုတ်လုပ်သူများအတွက် စီးပွားရေးအရ အရေးပါသောသီးနှံဖြစ်သကဲ့သို့ စားသုံးသူများအတွက်လည်း ကျန်းမာရေးအကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်သော သဘာဝဓာတ်စာတစ်မျိုးဖြစ်သောကြောင့် ကြက်သွန်နီကို သင့်တင့်မျှတစွာ စားသုံးပေးပါက ခန္ဓာကိုယ်အတွက် အကျိုးများစွာရရှိစေမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

## စကားအရာ ချိုသာပါ

\- နှုတ်ဖြင့်စကား ပြောကြားစဉ်မှာ
နားဝင်ပီယ ချိုမြသံသာယာ
ချိုပျားသကာ ပမာပုံနှိုင်း၊
ကြားရသူကွယ် ချမ်းမြေ့ဖွယ်
ရင်ဝယ်ပီတိ လှိုင်းထသည်နှင့်လေး။

\- လူတိုင်းလူတိုင်း စိတ်ရိုင်းဖယ်ကြဉ်
အမွန်အမြတ် ပြောတတ်လူရာဝင်
စကားအရာပင် ကျွမ်းကျင်ပါးနပ်၊
အမုန်းကင်းစေ ချစ်စရှည်
ရန်ပြေငြိမ်းလို့ မြတ်သည်နှင့်လေး။

\- မုသားချန်လှပ် မှန်အပ်ရာဆို
ပြုံးရော့အမြဲ ရင်ထဲအေးမြပို
နှုတ်ဝစီကို ကုသိုလ်စိတ်ထား၊
စကားလိမ္မာ နားဝင်သာ
ကြင်နာစိတ်တို့ ပွားသည်နှင့်လေး။

\- ချစ်သောစကား ရိုးသားဂုဏ်ပြောင်
နေ့စဉ်သုံးနှုန်း အမုန်းကင်းဝေးအောင်
ချစ်ခြင်းကိုဆောင် လူ့ဘောင်လောက၊
ကောင်းကျိုးမြော်ရည် ပြောကြမည်
ဝစီဘေဒ ထိတိုင်းရှသည်နှင့်လေး။

\- စကားအလှ ပြောကြစို့လေ
တို့များရင်တွင်း ချစ်ခြင်းမပျက်ပေ
ချစ်သောမိတ်ဆွေ စိတ်နေဖြူဖွေး၊
နှလုံးသားပင် ပြုံးပန်းဆင်
ဖြူစင်စိတ်မှာ အေးသည်နှင့်လေး။

\- ပြောရေးသာယာ နားဝင်မှာချိုမြမည်။
\- မနေ့ာလေးမှာပါ အစဉ်သာပိုလှသည်။ ။

အလင်္ကာ(ပွင့်ဖြူ)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးအတွက် တရုတ်၊ ရုရှားနိုင်ငံတို့နှင့် ဆွေးနွေးနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၁၆**

နျူကလီးယား လက်နက်များ ဖျက်သိမ်းရေးအတွက် တရုတ်၊ ရုရှားနိုင်ငံတို့နှင့် ဆွေးနွေးနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်၌ နျူကလီးယားထိပ်ဖူး အများဆုံး ပိုင်ဆိုင်ထားပြီး အမေရိကန်နှင့် တရုတ်နိုင်ငံတို့က ဒုတိယနှင့် တတိယအများဆုံး ပိုင်ဆိုင်ထားကြောင်း စတော့ဟုမ်းနိုင်ငံတကာ ငြိမ်းချမ်းရေးသုတေသန အင်စတီကျူ၏အဆိုအရ သိရသည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ နျူကလီးယားလက်နက် အရေအတွက်သည် လာမည့်ငါးနှစ်အတွင်း အမေရိကန်နိုင်ငံပိုင်ဆိုင်ထားသော နျူကလီးယားလက်နက်အရေအတွက်ကို လိုက်မီလာဖွယ်ရှိကြောင်း သမ္မတဒေါ်နယ်ထရမ့်က နယူးစ်မက်စ်သတင်းဌာနနှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူးအစီအစဉ်၌ ပြောကြားထားသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံသည် နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးအတွက် တရုတ်နှင့် ရုရှားနိုင်ငံတို့ကို ဆွေးနွေးနေကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ရယူထားသော မဟာဗျူဟာလက်နက်များ လျှော့ချရေးစာချုပ် ယခုနှစ်စပိုင်းတွင် သက်တမ်းကုန်ဆုံးပြီးနောက် နျူကလီးယားလက်နက်များဖျက်သိမ်းရေးအတွက် တရုတ်နှင့် ရုရှားနိုင်ငံတို့ကို ဆွေးနွေးနေသည်ဟုသမ္မတ ဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# အစ္စရေးသမ္မတနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ တွေ့ဆုံဆွေးနွေး




**ဘာကူး အောက်တိုဘာ ၁၆**

အစ္စရေးသမ္မတ အိုင်ဆက်ဟာဇော့ဂ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီတို့သည် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ အောက်တိုဘာ ၁၅ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံသည် အနောက်ဘက်ကမ်းဒေသ၌ ဂျူးအခြေစိုက်အိမ်ရာများ အဓမ္မတည်ဆောက်နေမှုများကို ရပ်တန့်ရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီက အစ္စရေးသမ္မတ အိုင်ဆက်ဟာဇော့ဂ်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ၌ ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးတို့ကို အားပေးမြှင့်တင်ရေးတို့သည် တရုတ်နိုင်ငံကျင့်သုံးနေသည့် အရှေ့အလယ်ပိုင်းမူဝါဒ၏ အခြေခံအုတ်မြစ် ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အပြည့်အဝပေးအပ်ခွင့် ရရှိရန်လည်း အစ္စရေးသမ္မတနှင့် တွေ့ဆုံစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးက တောင်းဆိုခဲ့သည်။

တရုတ်နိုင်ငံသည် အစ္စရေး၏ဒေသတွင်း ရန်ဘက်နိုင်ငံဖြစ်သည့် အီရန်နိုင်ငံနှင့်လည်းဆက်ဆံရေးကောင်းမွန်သော နိုင်ငံဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ်စာသင်ကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား ကျောင်းသားသုံးဦးနှင့် ကျောင်းဆရာတစ်ဦးသေဆုံး

**နယူးယောက် အောက်တိုဘာ ၁၆**

အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ် ဘန့်ဒ်မြို့ အခြေခံပညာ စာသင်ကျောင်း တစ်ကျောင်း၌ အသက် ၁၆ နှစ်ရှိ လူငယ်တစ်ဦး၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် အောက်တိုဘာ ၁၅ ရက်က ကျောင်းသားသုံးဦးနှင့် ကျောင်းဆရာတစ်ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သေနတ်ပစ်ခတ်မှု ကျူးလွန်သူ လူငယ်သည်လည်း ၎င်းကိုမသင်္ကာသဖြင့် လိုက်ပါစောင့်ကြည့်ခဲ့သူ အရပ်သားတစ်ဦး၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း ဘန့်ဒ်မြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သေနတ်သမား၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သူများမှာ အသက် ငါးနှစ်၊ ရှစ်နှစ်၊ ၁၁ နှစ်အရွယ် ကျောင်းသားသုံးဦးနှင့် အသက် ၅၄ နှစ်ရှိ ကျောင်းဆရာတစ်ဦးတို့ ဖြစ်ကြောင်းသိရသည်။

အဆိုပါ စာသင်ကျောင်း၌ သေနတ် ပစ်ခတ်မှုအတွင်း ကျောင်းသားတစ်ဦးနှင့် ကျောင်းဆရာတစ်ဦးတို့လည်း ဒဏ်ရာရရှိခဲ့ကြောင်း ဘန့်ဒ်မြို့ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

စာသင်ကျောင်း သေနတ်ပစ်ခတ်မှုသည် အမေရိကန်နိုင်ငံ၌ ယခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ၂၈ မှုမြောက် သေနတ်ပစ်ခတ်မှု ဖြစ်သည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည့် စာသင်ကျောင်းမှာ ဆေးလ်ဗားရိန်း အခြေခံပညာစာသင်ကျောင်းဖြစ်ပြီး မူကြိုအဆင့်မှ ငါးတန်းထိ ပညာသင်ကြားပေးနေသော စာသင်ကျောင်းဖြစ်ကြောင်း သိရသည်။ Ref : RT

Trs : KKO

# အေဒင်မြို့ရှိ ယီမင်သမ္မတ နန်းတော်ဝင်းကို ဟူသီလက်နက်ကိုင်အဖွဲ့ ဒုံးကျည်ငါးစင်းဖြင့် ပစ်ခတ်



**အေဒင် အောက်တိုဘာ ၁၆**

ယီမင်နိုင်ငံ တောင်ပိုင်းအေဒင်မြို့ရှိ ယီမင်သမ္မတ နန်းတော်ဝင်းကို ဟူသီလက်နက်ကိုင်အဖွဲ့က အောက်တိုဘာ ၁၅ ရက်တွင် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးဝန်ထမ်း နှစ်ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့သည် မားရှစ် သမ္မတနန်းတော်ကို ဒုံးကျည်ငါးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ယီမင်အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့က ဒုံးကျည်များဖြင့် ပစ်ခတ်ချိန်တွင် မားရှစ် သမ္မတနန်းတော်အတွင်း ယီမင်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များရှိနေသော်လည်း အထိအခိုက်မရှိခဲ့ကြောင်း ယီမင်အစိုးရ ပြန်ကြားရေးဝန်ကြီး မွမ်မာ အယ်လ်အာယာနီက သတင်းထုတ်ပြန်ထားသည်။

မားရှစ် သမ္မတနန်းတော်ဝင်းအတွင်းရှိ ဆော်ဒီအာရေဗျအရာရှိများ ဦးစီးသော စစ်ဆင်ရေးဌာနချုပ် အဆောက်အအုံနှင့်လက်နက်တိုက်တို့ကို ဟူသီလက်နက်ကိုင်အဖွဲ့က တိုက်ခိုက်ခဲ့ကြောင်း ဟူသီ လက်နက်ကိုင်အဖွဲ့၏ ဆာဘား သတင်းအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဆော်ဒီအာရေဗျ တပ်မတော်က နေရာယူထားသည့် ယီမင်နိုင်ငံအတွင်းရှိ မည်သည့်နေရာမျိုးကိုမဆို ပစ်မှတ်ထား တိုက်ခိုက်မည်ဟု ဟူသီလက်နက်ကိုင်အဖွဲ့က ကြေညာထားကြောင်း သိရသည်။ Ref : RT

Trs : KKO

# ပြင်သစ်နှင့်အင်္ဂလန်နိုင်ငံတို့ကို ချိတ်ဆက်ပေးထားသော ရေလက်ကြားဖြတ် ဥမင်လမ်း၌ လွန်းပြန်ရထားကို မီနီဘတ်စ်တိုက်မိ၊ လူ ၁၉ ဦးဒဏ်ရာရ

**ပဲရစ် အောက်တိုဘာ ၁၆**



ပြင်သစ်နှင့် အင်္ဂလန်နိုင်ငံတို့ကို ချိတ်ဆက်ပေးထားသော ရေလက်ကြားဖြတ် ဥမင်လမ်းကြောင်းတစ်လျှောက် မော်တော်ယာဉ်များ သယ်ယူပို့ဆောင်နေသည့် လွန်းပြန်ရထားတစ်စီးကို မီနီဘတ်စ်တစ်စီးက အောက်တိုဘာ ၁၅ ရက်တွင် တိုက်မိခဲ့ရာ လူ ၁၉ ဦး ဒဏ်ရာရခဲ့ကြောင်း ပြင်သစ် အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကုန်တင် ယာဉ်မောင်းများ လိုက်ပါလာသည့် မီနီဘတ်စ်ယာဉ်သည် ရေလက်ကြားဖြတ်ဥမင်လမ်းဝင်ပေါက်ဆီသို့ မောင်းနှင်နေစဉ် ရုတ်တရက်လမ်းကြောင်း ချော်ထွက်၍ လွန်းပြန်ရထားကို တိုက်မိခဲ့ခြင်း ဖြစ်ကြောင်း ပြင်သစ် တာဝန်ရှိသူများက ပြောကြားထားသည်။

ထိုဖြစ်စဉ်အတွင်း ဒဏ်ရာရသူ ၁၉ ဦးအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်သောကြောင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားပြီးနောက် ရေလက်ကြားဖြတ် ဥမင်လမ်းကြောင်း တစ်လျှောက် မော်တော်ယာဉ် သယ်ယူပို့ဆောင်ရေးလုပ်ငန်း မိနစ် ၉၀ ကြာ ရပ်တန့်ခဲ့ရကြောင်း ပြင်သစ် တာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် ရေလက်ကြားဖြတ် ဥမင်လမ်းကြောင်း တစ်လျှောက် ပြေးဆွဲနေသည့် ခရီးသည်တင် ရထားခရီးစဉ်များမှာ အထိအခိုက် မရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# စပေ့အိတ်ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့



ဝါရှင်တန် အောက်တိုဘာ ၁၆

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီ၏ ဒရာဂွန်အာကာသ ကုန်တင်ယာဉ်သည် အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် CRS-35 မစ်ရှင်အရ ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် အောက်တိုဘာ ၁၃ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် သိပ္ပံပညာ စမ်းသပ်ပစ္စည်းများအပါအဝင် ကုန်ပစ္စည်းပမာဏပေါင် ၆၇၀၀ သယ်ဆောင်ထားကြောင်း သိရသည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်ပြီးနောက် ခြောက်လကြာမျှ ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း သိရသည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း၏ ဟာမိုနီပင်မကိုယ်ထည်၌ ဆိုက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

CRS-35 မစ်ရှင်သည် အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ရယူထားသည့် သဘောတူညီချက်အရ စပေ့အိတ်ကုမ္ပဏီက လွှတ်တင်ပေးသော ၃၅ ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်း ထောက်ပံ့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ၂၀၅၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး၌ Dementia ဖြစ်သူ နှစ်ဆကျော်မြင့်တက်နိုင်

ကင်ဘာရာ အောက်တိုဘာ ၁၆

၂၀၅၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်ပွားသူအရေအတွက် နှစ်ဆကျော် မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးလ် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၂၀၂၃ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ Dementia ရောဂါဖြစ်ပွားသူအရေအတွက် ၁၁ ဒသမ ၄ သန်းထိ ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ Dementia ရောဂါဖြစ်စဉ်အရေအတွက်မှာ ၂၀၅၀ ပြည့်နှစ်တွင် နှစ်ဆကျော်မြင့်တက်လာနိုင်ပြီး ဆေးဝါးကုသရေးလိုအပ်ချက် မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

၂၀၅၀ ပြည့်နှစ်တွင် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက အမျိုးသမီးများသည် Dementia ရောဂါကို ပိုမိုခံစားရလိမ့်မည်ဖြစ်ကြောင်း ဩစတြေးလျ သုတေသနပညာရှင်များက တွက်ချက်ထားသည်။

သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိတ်ဝေဒနာ၊ စိုးရိမ်သောကဝင်ရောက်မှုနှင့် အဝလွန်မှုတို့သည် အမျိုးသမီးများကြား Dementia ရောဂါဖြစ်ပွားမှု၏ အဓိကအကြောင်းတရားဖြစ်လာလိမ့်မည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ဗီရာရှူဘင်ရေဒီယိုတယ်လီစကုပ်က မှတ်မှတ်လည်နှုန်းအလွန်မြန်သည့် အရွယ်အစားအကြီးမားဆုံး ဂြိုဟ်သိမ်တစ်စင်းကို ထောက်လှမ်းတွေ့ရှိထား

ဝါရှင်တန် အောက်တိုဘာ ၁၆

ချီလီနိုင်ငံအခြေစိုက် ဗီရာရှူဘင်ရေဒီယိုတယ်လီစကုပ်သည် မှတ်မှတ်လည်နှုန်း အလွန်မြန်သည့် အရွယ်အစားအကြီးမားဆုံး ဂြိုဟ်သိမ်တစ်စင်းကို ထောက်လှမ်းတွေ့ရှိထားကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဗီရာရှူဘင်ရေဒီယိုတယ်လီစကုပ်က ထောက်လှမ်းတွေ့ရှိထားသည့်ဂြိုဟ်သိမ်ပေါင်း ၉၄၁၇ စင်းတို့ကိုလေ့လာခဲ့ရာ အဆိုပါဂြိုဟ်သိမ်များအနက် ဝင်ရိုးဗဟိုပြု မှတ်မှတ်လည်နှုန်း အလွန်မြင့်မားသည့် ဂြိုဟ်သိမ် ၆၆ စင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်သိမ် ၆၆ စင်းအနက် အမှတ်စဉ်-၄၉၁၃၉၄ အမည်ရှိ ဂြိုဟ်သိမ်မှာ အရွယ်အစားအားဖြင့် အချင်း ၂ ဒသမ ၅၃ ကီလိုမီတာထိရှိသော်လည်း ၄ ဒသမ ၁၈ မိနစ်လျှင် တစ်ပတ်ကျ မှတ်မှတ်လည်နေကြောင်း သိရသည်။



သို့ဖြစ်ရာ အမှတ်စဉ်-၄၉၁၃၉၄ ဂြိုဟ်သိမ်သည် မှတ်မှတ်လည်နှုန်းအလွန်မြင့်မားသော အရွယ်အစားအကြီးမားဆုံး ဂြိုဟ်သိမ်ဖြစ်နိုင်ကြောင်း သိရသည်။

ဂြိုဟ်သိမ်အများစုသည် ကျောက်စကျောက်နများကို အားနည်းသည့် ကိုယ်ပိုင်ဒြပ်ဆွဲအားဖြင့် စုစည်းထားသည့် အာကာသဒြပ်ထည်များဖြစ်ကြသည်။

သို့ဖြစ်ရာ အရွယ်အစားအားဖြင့် အချင်းမီတာ ၁၅၀ ရှိသည့် ဂြိုဟ်သိမ်များသည် ၂ ဒသမ ၂ နာရီလျှင် တစ်ပတ်နှုန်းဖြင့် မှတ်မှတ်လည်နေတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# တစ်ရက်လျှင် တစ်နာရီလေ့ကျင့်ခန်းလုပ်ပါက ပါကင်ဆန်ရောဂါလက္ခဏာများ ဆိုးရွားလာနိုင်မှုကို တားဆီးနိုင်

နယူးယောက် အောက်တိုဘာ ၁၆

တစ်ရက်လျှင် တစ်နာရီမျှ လေ့ကျင့်ခန်းပြုလုပ်ပါက ပါကင်ဆန်ရောဂါလက္ခဏာများ ဆိုးရွားလာနိုင်မှုကို တားဆီးနိုင်ကြောင်း သုတေသန ပညာရှင်များက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တင်းနစ်ရိုက်ခြင်း၊ အနေးပြေးခြင်း၊ ပန်းဥယျာဉ်ပျိုးထောင်ခြင်း စသည့် လေ့ကျင့်ခန်းပုံစံ အားလုံးသည် ပါကင်ဆန်ရောဂါ လက္ခဏာများ အခြေအနေဆိုးရွားလာမှုကို ငါးနှစ်ကြာထိ ထိန်းထားနိုင်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ စင်စင်နတီတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၆၆ နှစ်ရှိ ပါကင်ဆန်လူနာ ၂၉၄ ဦးတို့၏ ကိုယ်လက်လှုပ်ရှားမှု ပုံစံများနှင့် ရောဂါအခြေအနေတို့ကို အချိန်ယူလေ့လာခဲ့ကြပြီး လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ သီတင်းတစ်ပတ်လျှင် ရှစ်နာရီနှင့်အထက် လေ့ကျင့်ခန်းပြုလုပ်သည့် လူနာများ၌ ပါကင်ဆန်ရောဂါလက္ခဏာများ ဆိုးရွားလာနိုင်မှုမှာ နှေးကွေးသွားသည်ကို တွေ့ရကြောင်း သိရသည်။

ပါကင်ဆန်ရောဂါသည် ဒိုပါမိုင်း (Dopamine) ခေါ် ဓာတုပစ္စည်းတစ်မျိုးကို ထုတ်လုပ်ပေးသည့် ဦးနှောက်အာရုံကြောဆဲလ်များ ပျက်စီးချိန်တွင် ဖြစ်ပွားတတ်သည့်ရောဂါဖြစ်သည်။

လေ့ကျင့်ခန်းပြုလုပ်မှုသည် သွေးစီးဆင်းမှုကို မြှင့်တင်ပေးခြင်းဖြင့် ဦးနှောက်ကို ကာကွယ်ပေးနိုင်ပြီး အာရုံကြောဆဲလ်များကြား ချိတ်ဆက်နိုင်စွမ်းကိုလည်း ပိုမိုအားကောင်း လာစေနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# လကမ္ဘာကျောက်သားနမူနာများကို တရုတ်နိုင်ငံက ၁၆ ကြိမ်မြောက် တရုတ်လေကြောင်းနှင့် အာကာသပြပွဲ၌ ထည့်သွင်းပြသမည်

ပေကျင်း အောက်တိုဘာ ၁၆

လကမ္ဘာ၏ ကမ္ဘာဘက်မျက်နှာမူနေသည့်အခြမ်းနှင့် အခြားဘက်ခြမ်းတို့မှ ရယူထားသည့် လကမ္ဘာကျောက်သား နမူနာများကို ၁၆ ကြိမ်မြောက် တရုတ်လေကြောင်းနှင့် အာကာသပြပွဲ၌ ထည့်သွင်းပြသမည် ဖြစ်ကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများအရ သိရသည်။

၁၆ ကြိမ်မြောက် တရုတ်လေကြောင်းနှင့် အာကာသပြပွဲတွင် တက်ရောက်လာသူများအနေဖြင့် လကမ္ဘာကျောက်သားနမူနာ နှစ်မျိုးတို့ကြား ခြားနားမှုများကို လေ့လာနိုင်မည်ဖြစ်သည်။

လကမ္ဘာ၏ ကမ္ဘာမြေဘက်မျက်နှာမူနေသည့်အခြမ်းမှ ကျောက်သားနမူနာများကို တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ချန်အာ-၅ လဆင်းယာဉ်က ယူဆောင်ပေးခဲ့ပြီး လကမ္ဘာအခြားဘက်ခြမ်းမှ ကျောက်သားနမူနာများကို ချန်အာ-၆ လဆင်းယာဉ်က ယူဆောင်ပေးထားကြောင်း သိရသည်။

၁၆ ကြိမ်မြောက် တရုတ်လေကြောင်းနှင့် အာကာသပြပွဲကို ယခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်ထိ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ဒုန်းပြည်နယ် ကျူဟိုင်းမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ လေကြောင်းနှင့်အာကာသပြပွဲတွင် တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ဒုံးအင်ဂျင်သစ်များနှင့် တီယန်ခန်-၂ အာကာသယာဉ်တို့ကိုလည်း ထည့်သွင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ မှ လေကြောင်းနှင့် အာကာသနည်းပညာလုပ်ငန်းများကလည်း ၎င်းတို့၏ထုတ်ကုန်သစ်များကို ပြသမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)တွင် ISPE အသင်းက သစ္စာအားမာန်အသင်းကို အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ Sunset အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ အပြန်အလှန် သွင်းဂိုးများနှင့်အတူ ISPE အသင်းက အနိုင်ရခဲ့ကြောင်းသိရသည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)တွင် AFC Challenge Leagueပြိုင်ပွဲ ကစားရန်ရှိနေသည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့သာ ကစားနိုင်မည်မဟုတ်ဘဲ ကျန်ပွဲစဉ်များကို ကျင်းပနေခြင်းဖြစ်သည်။

သစ္စာအားမာန် အသင်းနှင့် ISPE အသင်းတို့ပွဲစဉ်တွင် ပွဲစတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၆ မိနစ်တွင် စောနိုင်က ISPE အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် ISPE အသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် သစ္စာအားမာန်အသင်း၏ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း ပွဲချိန် မိနစ် ၇၀ တွင် စောဆေးကပေါ်ဆေးနှင့် ပွဲချိန် ၈၂မိနစ်တွင် မိုးဆွေအောင်တို့က ISPE အသင်းအတွက် သွင်းဂိုးများသွင်းယူခဲ့ပြီး ပွဲချိန် ၆၈ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်နှင့် ပွဲချိန် ၇၂ မိနစ်တွင် နိုင်ဝင်းထွန်းတို့က သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများသွင်းယူခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် ISPE အသင်းက သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို အောက်တိုဘာ ၁၈ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group တို့ပူးပေါင်းပြီး မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့်သက်ဆိုင်သောကော်မတီမှ အစီအစဉ်ဖြင့် ကျင်းပမည့် မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ (Myanmar Fight)ကို အောက်တိုဘာ ၁၈ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲကို နိုင်ငံတစ်ဝန်း မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ သမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲကို အောက်တိုဘာ ၁၈ရက် မွန်းလွဲ ၁ နာရီမှစတင်ကာ ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် အောင်သူရနိုင် (Unity Seven)နှင့် ဟန်ထက်စိုး (Smart Fight)၊ ထက်လင်း(Top One)နှင့် ဖွဲ့ဘိုဘိုအောင်(Nine)၊ လားလဲဘွဲ(ရိုးရာကျား) နှင့် ထွန်းတောက်(Strong Wrestler)၊ မာနေဝ်(MK1)နှင့် စိုင်းဝေလု (Phoenix Karate)၊ မိုးမင်းထက်(MK1)နှင့် ဇေ(Strong Wrestler)၊ တမာထူး(ရိုးရာကျား)နှင့် ဆလိုင်း ကျော်ထင်(Dojo 9)၊ ထက်ကြီး (YMA)နှင့် အောင်လေး(YFC)၊ အောင်မာ(Ray)နှင့် ကျော်မင်းလွင် (Unity Seven)၊ စောထက်ပိုင် (MBC)နှင့် ပြည့်စုံအောင်(Strong Wrestler)၊ စုပါထူး(ကျားမနိုင်)နှင့် သန်းဇော်ဦး(Top One)၊ ရဲနိုင်ထွန်း (YMA)နှင့် သက်ထူးစံ(Phoenix Karate)တို့ ထိုးသတ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ STA

# AFC Challenge League ပြိုင်ပွဲမှ ONE Taguig အသင်း နှုတ်ထွက်ခဲ့သည့်အတွက် ရန်ကုန်ယူနိုက်တက်အသင်း အုပ်စုပွဲစဉ် နှစ်ပွဲသာကစားရမည်

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံကိုယ်စားပြုကလပ်အသင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းသည် AFC Challenge League ပြိုင်ပွဲတွင် ဖိလစ်ပိုင်ကလပ် ONE Taguig အသင်း နှုတ်ထွက်ခဲ့သည့်အတွက် အုပ်စုပွဲစဉ် နှစ်ပွဲသာ ကစားရမည်ဖြစ်ကြောင်းသိရသည်။

အစောပိုင်းက AFC Challenge League ပြိုင်ပွဲ၌ အုပ်စု(A)တွင် အိမ်ရှင် အင်ဒိုနီးရှားကလပ် Borneo FC အသင်း၊ တရုတ်(တိုင်ပေ) ကလပ် Tainan City အသင်း၊ မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်း၊ ဖိလစ်ပိုင်ကလပ် ONE Taguig အသင်း၊ အုပ်စု(B)တွင် ဖိလစ်ပိုင်ကလပ်Manila Digger အသင်း၊ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း၊ တရုတ်(တိုင်ပေ)ကလပ် New Taipei City အသင်း၊ ဘရူနိုင်းကလပ် Kasuka အသင်းတို့ ပါဝင်ခဲ့ကြသော်လည်း ယခုအခါ ONE Taguig အသင်းက နှုတ်ထွက်ခဲ့သည့်အတွက် အုပ်စု(A) တွင် သုံးသင်းသာပါဝင်မည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းက အုပ်စုပွဲစဉ် နှစ်ပွဲသာ ကစားရမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် AFC Challenge League ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၈ ရက်တွင် အိမ်ရှင် Borneo FC အသင်း၊ အောက်တိုဘာ ၂၄ ရက်တွင် TainanCity အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

AFC Challenge League ပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက် အသင်းက တိုက်ရိုက် ဝင်ရောက်ခွင့်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းက ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ခွင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# Rookie of the Year ဆုအတွက် အမေရိကန်ဂေါက်သီးရိုက်မယ် အန်နာမော်ဂန် ထိပ်ဆုံးမှ ဦးဆောင်နေ



ဝါရှင်တန် အောက်တိုဘာ ၁၆

Rookie of the Year ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် အမေရိကန် ဂေါက်သီးရိုက်မယ် အန်နာမော်ဂန်က ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း Ladies European သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Rookie of the Year ဆုသည် Ladies European Tour(LET) က ကြီးမှူးကျင်းပသည့် Ladies European Tour အဆင့်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုံးဝင်ရောက်ကစားသည့် ကစားသမားများ၏ တစ်နှစ်တာစွမ်းဆောင်ရည်များအပေါ် အခြေခံတွက်ချက်ကာ ချီးမြှင့်ပေးအပ်ခြင်း ဖြစ်သည်။

Rookie of the Year ဆုအတွက် အန်နာမော်ဂန်သည် နောက်ဆုံး ဝင်ရောက်ကစားခဲ့သည့် Aramco Korea Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အဆင့်(၅)နေရာတွင် ရပ်တည်ခဲ့ပြီးနောက် ရမှတ် ၁၀၄၆ ဒသမ ၉၃ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေခြင်းဖြစ်သည်။

Rookie of the Year ဆုအတွက် အဆင့်သတ်မှတ်ချက်၌ အန်နာမော်ဂန်၏ နောက်တွင် အင်္ဂလန်ဂေါက်သီးရိုက်မယ် ချာလိုတီဟိတ်က ၉၈၀ ဒသမ ၅၉ မှတ်၊ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျင်နီရှင်းက ၇၆၃ ဒသမ ၅၇ မှတ်၊ အီတလီဂေါက်သီးရိုက်မယ် ရော်ဘာတာလီဗီကာ ၅၇၁ ဒသမ ၆၆ မှတ်၊ စပိန်ဂေါက်သီးရိုက်မယ် ချာကာရာက ၅၂၃ ဒသမ ၁၄ မှတ်ဖြင့် အသီးသီးရပ်တည်နေကြောင်း သိရသည်။

Ref : Ladies European

Trs : STA

# ဥရောပအဆင့်ပြိုင်ပွဲ၌ အေစီမီလန်အသင်းတွင် အသက်အငယ်ဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ် ဆစ်စီရပ်တည်

ရောမ အောက်တိုဘာ ၁၆

အေစီမီလန်အသင်း လူငယ်တိုက်စစ်ကစားသမား ဆစ်စီသည် ဥရောပအဆင့် ပြိုင်ပွဲတစ်ခုဖြစ်သည့် ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် အောက်တိုဘာ ၁၅ ရက်က အေစီမီလန်အသင်းနှင့် ဆဲလ်တစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ် သွင်းဂိုး သွင်းယူပြီးနောက် အေစီမီလန်အသင်းတွင် ဥရောပအဆင့် ပြိုင်ပွဲ၌ အသက်အငယ်ဆုံး ဟက်ထရစ်သွင်းဂိုးရှင်အဖြစ် ရပ်တည်ခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




အေစီမီလန်အသင်းက ဆဲလ်တစ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဆစ်စီက ပွဲချိန် ၁၅ မိနစ်၊ ၃၃ မိနစ်၊ ၄၉ မိနစ်တို့တွင် အသင်းအတွက် ဟက်ထရစ်သွင်းဂိုး သွင်းယူခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ရရှိခဲ့ခြင်းဖြစ်သည်။

ဆစ်စီသည် အေစီမီလန်အသင်းနှင့် ဆဲလ်တစ်အသင်းတို့ပွဲစဉ်၌ ပါဝင်ကစားခဲ့သည့် အချိန်တွင် ၎င်း၏အသက်မှာ ၁၉နှစ် ၃၅ရက်သာ ရှိသေးသည့်အတွက် အေစီမီလန်အသင်းတွင် ဥရောပအဆင့် ပြိုင်ပွဲ၌ အသက်အငယ်ဆုံး ဟက်ထရစ် သွင်းဂိုးရှင်အဖြစ် ရပ်တည်ခဲ့ခြင်း ဖြစ်သည်။

အစောပိုင်းက အေစီမီလန် အသင်းတွင် အသက်အငယ်ဆုံး ဟက်ထရစ် သွင်းဂိုးရှင်အဖြစ် ၁၉၅၉ ခုနှစ် စက်တင်ဘာလက အေစီမီလန်အသင်းနှင့် အိုလံပီယာကိုစ်အသင်းတို့ ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂျီယန်ကာက အသက် ၂၀ နှစ် ၃၀၉ ရက်ဖြင့် ရပ်တည်နေခြင်းကို ဆစ်စီက ကျော်ဖြတ်ခဲ့ခြင်းဖြစ်ပြီး အေစီမီလန်အသင်းအပြင် အီတလီကစားသမားများတွင်လည်း ဥရောပအဆင့်ပြိုင်ပွဲ၌ အသက်အငယ်ဆုံး ဟက်ထရစ် သွင်းဂိုးရှင်အဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# တနင်္ဂနွေနေ့ညကစားမဲ့ ပြိုင်ပွဲတွေထဲက ကစားသမားစုဖွဲ့မှုကောင်းတဲ့ မန်ယူအသင်း၊ ဆဲလ်တာဗီဂိုအသင်း၊ အေစီမီလန်အသင်းတို့ကို အားပေးရမှာပါ

ML




တနင်္ဂနွေနေ့ညကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေမှာတော့ အသင်းကြီးနဲ့ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ ပြီးခဲ့တဲ့တစ်ပတ် တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်က ပရိုသတ်အကြိုက်များတဲ့ ပဲလေ့စ်၊ မန်စီးတီးအသင်းတို့ ရလဒ်ကောင်းခဲ့ပြီး လာလီဂါပြိုင်ပွဲမှာတော့ အိမ်ရှင်အသင်းတွေဖြစ်တဲ့ ဘက်တစ်၊ ဆိုစီဒက်တို့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ အီတလီစီးရီးအေမှာတော့ လာဇီယို၊ ဘိုလော့နာတို့အသင်းငယ်တွေကို နိုင်ပွဲရခဲ့ပေမဲ့ အေစီမီလန်၊ ဂျူဗင်တပ်အသင်းတို့ကတော့ အသင်းငယ်တွေကို ရမှတ်ခွဲပေးလိုက်ရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်စီးရီးအေပြိုင်ပွဲတွေထဲမှာတော့ အိမ်ရှင်အားသာချက်ရှိတဲ့ အေစီမီလန်အသင်းကို အားပေးရမှာဖြစ်ပြီး ကျန်လိဂ်တွေမှာတော့ နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ မန်ယူအသင်းနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ကို အားပေးရမှာဖြစ်ပါတယ်။

## မန်ယူအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၇)မှာ အကြိုက်တွေ့မိတာကတော့ လိဒ်ယူနိုက်တက်အသင်းနဲ့မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လိဒ်ယူနိုက်တက်အသင်းကတော့ အခုနှစ်မှ ပရီးမီးယားလိဂ်ကို ပြန်လည်တန်းတက်လာတာကြောင့် တန်းမဆင်းရရေးအတွက် ရာသီအစကတည်းက ပွဲတိုင်းကို အာရုံစိုက်ကစားနေတာတွေ့ရမှာပါ။ သူတို့အသင်းဟာ ပရီးမီးယားလိဂ်ခြောက်ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ ရမှတ်ကိုးမှတ်ထိ စုဆောင်းနိုင်ခဲ့တာဖြစ်ပြီး အိမ်ကွင်းသုံးပွဲမှာလဲ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်ထွက်ပေါ်ထားတာကို သတိပြုရမှာပါ။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာတော့ တစ်ပွဲသာနိုင်ပွဲရခဲ့ပြီး ကျန်ပွဲတွေမှာတော့ နိုင်ပွဲပျောက်ဆုံးထားခဲ့သလို ခံစစ်ပိုင်းကလဲ ပေးဂိုး ၁၀ ဂိုးထိရှိခဲ့တာကို သတိပြုရမှာပါ။ အထူးသဖြင့် ကစားသမားစုဖွဲ့မှုပိုကောင်းပြီး တိုက်စစ်ကစားပုံထက်မြက်တဲ့အသင်းတွေနဲ့ဆို ပေးဂိုးများနေတာဖြစ်လို့ လာမဲ့မန်ယူနဲ့ပွဲမှာလဲ မန်ယူအသင်းတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့တော့ခက်မှာပါ။

မန်ယူအသင်းဟာ နည်းပြကာရစ်လက်အောက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ရုန်းကန်နေရတာကြောင့် ပရီးမီးယားလိဂ်ခြောက်ပွဲမှာ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ်ခြောက်မှတ်သာရခဲ့ပြီး အဆင့်(၁၃)မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ နည်းပြကာရစ်အနေနဲ့ ပြိုင်ပွဲတိုင်းမှာနိုင်ပွဲရဖို့ပြင်ဆင်လာခဲ့ပေမဲ့ ပြိုင်ဘက်တွေက မန်စီးတီး၊ ဘရိုက်တန်၊ ဖူလ်ဟမ်၊ စပါး၊ အေတီကိုအသင်းတို့နဲ့ ပွဲကျပ်ကစားခဲ့ရတာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ အေတီကိုအသင်းကို အဝေးကွင်းသွားရောက်ကစားခဲ့ရပေမဲ့ အပြန်အလှန်ဖိအားပေးမှုတွေပြုလုပ်နိုင်ပြီး တိုက်စစ်ကစားသမားတွေ အဆုံးသတ်မသေချာလို့သာ ဂိုးမရခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းရဲ့ ကစားသမားစုဖွဲ့မှုကတော့ ထိပ်တန်းအဆင့်ကစားသမားတွေများနေတာကြောင့် လိဒ်ယူနိုက်တက်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာသလို သမိုင်းတစ်လျှောက်ထိပ်တိုက်တွေ့ဆုံမှု ၁၃ ကြိမ်မှာလဲ တစ်ကြိမ်သာရှုံးခဲ့တာဖြစ်လို့ အခုပွဲမှာ နိုင်ပွဲရှာရမဲ့ မန်ယူအသင်းကိုပဲ အားပေးရမှာပါ။

### လိဒ်ယူနိုက်တက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၁ | - | ၁ | လိဒ်ယူနိုက်တက် |
| ချဲလ်ဆီး | ၆ | - | ၃ | လိဒ်ယူနိုက်တက် |
| လိဒ်ယူနိုက်တက် | ၄ | - | ၁ | နယူးကာဆယ် |
| လိဒ်ယူနိုက်တက် | ၀ | - | ၀ | ပဲလေ့စ် |
| အာဆင်နယ် | ၂ | - | ၁ | လိဒ်ယူနိုက်တက် |

### မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်ယူ | ၀ | - | ၁ | မန်စီးတီး |
| မန်ယူ | ၂ | - | ၃ | ဘရိုက်တန် |
| ဖူလ်ဟမ် | ၁ | - | ၁ | မန်ယူ |
| မန်ယူ | ၁ | - | ၁ | စပါး |
| အေတီကို | ၂ | - | ၀ | မန်ယူ |

## ဆဲလ်တာဗီဂိုအသင်း နိုင်ပွဲရမှာပါ

လာလီဂါပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ ဆဲလ်တာဗီဂိုအသင်းနဲ့ အလာဗက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပြီးခဲ့တဲ့ဘောလုံးရာသီ နှစ်ကြိမ်တွေ့ဆုံခဲ့ရာမှာတော့ တစ်ကြိမ်စီအနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဆဲလ်တာဗီဂိုအသင်းဟာ အခုရာသီမှာတော့ နည်းပြအနေနဲ့ လူငယ်ကစားသမားတွေကို အလှည့်ကျထည့်သွင်းအသုံးပြုနေတာကြောင့် ပုံမှန်သွင်းဂိုးတွေရဖို့ ရုန်းကန်နေရတာကြောင့် အမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲတစ်ပွဲသာရခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ခံစစ်ကစားပုံကတော့ အကောင်းဆုံးပုံစံရရှိနေခဲ့ပြီး လာလီဂါရှစ်ပွဲမှာ လေးပွဲထိ ပေးဂိုးမရှိခဲ့တာကြောင့် Clean Sheet အများဆုံးရထားတဲ့ အသင်းအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ကြားရက်မှာ ဂျူဗင်တပ်နဲ့ယူရိုပါလိဂ်ကစားထားရပေမဲ့ ကစားသမားအလှည့်ကျအသုံးပြုနေတာကြောင့် ပွဲပန်းမှုဒဏ်ကိုရှောင်လွှဲနိုင်မှာဖြစ်ပြီး လာလီဂါပြိုင်ပွဲမှာ အိမ်ကွင်းနိုင်ပွဲရှာဖွေရမှာဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုအသင်းဟာ အလာဗက်အသင်းနဲ့ယှဉ်ရင် ကစားသမားစုဖွဲ့မှုနဲ့ အိမ်ကွင်းအားသာချက်ရှိနေတာကြောင့် အခုပွဲမှာ ပြိုင်ဘက်ကိုထိန်းချုပ်ပြီး နိုင်ပွဲရဖို့ကြိုးစားလာမှာသေချာပါတယ်။

အလာဗက်အသင်းကတော့ လာလီဂါပြိုင်ပွဲ ရှစ်ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ ရမှတ် ၁၁ မှတ်ထိ စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၇)နေရာမှာ ရောက်ရှိနေတာဖြစ်ပါတယ်။ အလာဗက်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ နောက်ဆုံးအချိန်ထိ တန်းဆင်းဇုန်ကလွတ်ဖို့ရုန်းကန်ခဲ့ရပြီး ရာသီပိတ်သိမ်းချိန်မှာတော့ ရမှတ် ၄၃ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၄)ထိ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အခုရာသီမှာလဲ အိမ်ကွင်းပြိုင်ပွဲတွေမှာ ရမှတ်ရှာဖွေနိုင်ခဲ့ပေမဲ့ အဝေးကွင်းပွဲတွေမှာတော့ သုံးပွဲစလုံး နိုင်ပွဲပျောက်ဆုံးထားတာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ အိမ်ကွင်းတစ်ပွဲသာနိုင်ပွဲရခဲ့ပြီး ကျန်လေးပွဲစလုံး နိုင်ပွဲမရခဲ့သလို ခံစစ်က ပေးဂိုးများခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲမှာအိမ်ကွင်းနိုင်ပွဲရှာဖို့လိုနေတဲ့ ဆဲလ်တာဗီဂိုအသင်းကို အဝေးကွင်းကစားပုံကျဆင်းနေတဲ့ အလာဗက်အသင်း ယှဉ်ကစားဖို့မဖြစ်နိုင်လို့ အဘက်ဘက်ကသာလွန်နေတဲ့ အိမ်ရှင်ဆဲလ်တာဗီဂိုအသင်းပဲ နိုင်ပွဲရသွားမှာပါ။

### ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၁ | မာလာဂါ |
| နီကိုရှား | ၁ | - | ၀ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၅ | - | ၀ | ရေဆင်း |
| အယ်ချီ | ၀ | - | ၀ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၂ | ဂျူဗင်တပ် |

### အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အလာဗက် | ၅ | - | ၂ | အိုဆာဆူနာ |
| ရေဆင်း | ၂ | - | ၁ | အလာဗက် |
| အလာဗက် | ၀ | - | ၁ | ဗလင်စီယာ |
| ဘီလ်ဘာအို | ၀ | - | ၀ | အလာဗက် |
| အလာဗက် | ၁ | - | ၂ | အေတီကို |

## အေစီမီလန်အသင်းနဲ့ လက်တွဲရမှာပါ

အီတလီစီးရီးအေပြိုင်ပွဲမှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ အေစီမီလန်အသင်းနဲ့ အတ္တလန်တာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဆုဖလားရဖို့ကြိုးပမ်းခဲ့ပေမဲ့ ရာသီပိတ်သိမ်းချိန်မှာတော့ အဆင့်(၅)နေရာနဲ့သာ ပြီးဆုံးခဲ့တာကြောင့် ယူရိုပါလိဂ်ကစားခွင့်သာရခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ နွေရာသီမှာ နည်းပြသစ်အဖြစ် အာမိုရင်ကိုခန့်အပ်ခဲ့ပြီး ပြောင်းလဲမှုတွေပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အခုနှစ် အမှတ်ပေးပြိုင်ပွဲ ခြောက်ပွဲမှာ ရှုံးပွဲမရှိသေးပေမဲ့ နိုင်ပွဲနှစ်ပွဲသာရခဲ့ပြီး ကျန်ပွဲတွေက သရေရလဒ်တွေ ဖြစ်နေတာကိုတွေ့ရမှာပါ။ လက်ရှိအသင်းခြေစွမ်းပိုင်းကတော့ တိုက်စစ်ကစားပုံထက်မြက်လာပေမဲ့ ကွင်းလယ်တောင်ပံကစားနေတဲ့ ကစားသမားတွေ တိုက်စစ်လိုက်ပါလွန်းပြီး ခံစစ်မှာ နေရာလွတ်တွေ ရှိခဲ့တာကြောင့် ဂိုးတွေအလွယ်တကူပေးနေရတာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြအာမိုရင်အနေနဲ့ အခုပွဲမှာ ခံစစ်ကစားပုံကို ပြန်လည်ပြင်ဆင်လာရင်တော့ အတ္တလန်တာအသင်းကို ထိန်းချုပ်ကစားနိုင်ဖို့ သေချာနေပြီး အိမ်ကွင်းနိုင်ပွဲရှာတွေ့မှာသေချာပါတယ်။

အတ္တလန်တာအသင်းကတော့ နည်းပြသစ်အဖြစ် ဆာရီကို ခန့်အပ်လိုက်ပေမဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘဲ ရုန်းကန်နေရတာကြောင့် သုံးပွဲနိုင်၊ သုံးပွဲရှုံးရလဒ်နဲ့ ရမှတ်ကိုးမှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၁၀)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းကလဲ အိမ်ကွင်းကစားပုံသာတည်ငြိမ်မှုရှိပြီး အဝေးကွင်းပွဲစဉ်တွေမှာတော့ နိုင်ပွဲပျောက်ဆုံးခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာတော့ ဗီနီဇီယာကို အိမ်ကွင်းမှာကစားရတာကြောင့် အဘက်ဘက်က အသာစီးရယူကစားနိုင်လို့ ဂိုးပြတ်နိုင်ပွဲရခဲ့ပေမဲ့ အသင်းကြီးတွေနဲ့ဆို ခံစစ်ပိုင်းအားနည်းချက်ရှိနေတာဖြစ်လို့ အခုပွဲမှာ အေစီမီလန်ကို ဂိုးပေးရဖို့များမှာပါ။ ကွင်းလယ်နဲ့တိုက်စစ်မှာ အေစီမီလန်အသင်းက ပိုကောင်းနေတာကြောင့် အခုပွဲမှာ အေစီမီလန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လာဇီယို | ၂ | - | ၂ | အေစီမီလန် |
| အေစီမီလန် | ၀ | - | ၂ | ဘင်ဖီကာ |
| အေစီမီလန် | ၃ | - | ၀ | လက်ချီ |
| ဆက်ဆူအိုလို | ၁ | - | ၁ | အေစီမီလန် |
| ဆားလ်ဘတ် | ၀ | - | ၄ | အေစီမီလန် |

### အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရိုးမား | ၂ | - | ၁ | အတ္တလန်တာ |
| အတ္တလန်တာ | ၁ | - | ၂ | ကက်ဂရီယာရီ |
| ဂျူဗင်တပ် | ၂ | - | ၀ | အတ္တလန်တာ |
| အတ္တလန်တာ | ၂ | - | ၁ | ဗီနီဇီယာ |
| အတ္တလန်တာ | ၃ | - | ၁ | ပါဖို့စ် |

# ခရီးစဉ်အတွင်းမိုးလေကင်း နေပူကျဲကျဲမြို့ကူမဲ

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်သွားခဲ့တဲ့ခရီးက မိတ္ထီလာခရီးစဉ်ပါ။ တစ်ရက် စာရေးနေတုန်း ကျောင်းနေဖက်သူငယ်ချင်း တစ်ယောက်ဆီက ဖုန်းဝင်လာတယ်။ အကြောင်းရင်းက မိတ္ထီလာမြို့ စီးပွားရေးတက္ကသိုလ်မှာ နောက်ဆုံးနှစ်စာမေးပွဲဖြေဆိုပြီးသွားပြီဖြစ်တဲ့ သူ့ရဲ့သမီးဖြစ်သူကို သွားရောက်ကြိုကြဖို့ဖြစ်ပါတယ်။ နောက်ဆုံးနှစ်စာမေးပွဲဖြေဆိုပြီးသွားတာဖြစ်တဲ့အတွက် ပြန်လည်သယ်ယူရမဲ့အသုံးအဆောင်၊ စာအုပ်စာတမ်းပစ္စည်းတွေက များပြားနေတာကြောင့် ခရီးသည်တင်ကားတွေနဲ့ ပြန်လာဖို့အဆင်မပြေတဲ့အပြင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်က မြို့နဲ့အတန်ငယ်ဝေးကွာနေလို့လဲ သွားရလာရ၊ ကားစီးရတာတွေ အခက်အခဲဖြစ်နေပါတယ်။ ဒါကြောင့် မိမိတို့က သွားရောက်ကြိုကြဖို့ပါ။

ဒီလိုသွားလာဖို့အတွက် ကြိုတင်စီစဉ်စရာရှိတာတွေကို စီစဉ်ပြီးတာနဲ့ အတူလိုက်ပါလာကြမဲ့ သူငယ်ချင်းနဲ့ မိသားစုတွေကို သတ်မှတ်ထားတဲ့နေ့ရက်မှာ မနက်စောစော ၆ နာရီကတည်းက စတင်ထွက်ခွာကြဖို့နဲ့ ၆ နာရီမထိုးခင် အဆင်သင့်ပြုလုပ်စောင့်ဆိုင်းနေကြဖို့ကို အသိပေးအကြောင်းကြားထားလိုက်ရတယ်။ မိမိအနေနဲ့ ခရီးတွေထွက်ခွာသွားလာကြတဲ့ အကြိမ်တိုင်း သတ်မှတ်ထားတဲ့နာရီထက် ၁၅ မိနစ်၊ မိနစ် ၃၀ လောက် ပိုမိုစောပြီး အိမ်ကနေထွက်ခွာလေ့ရှိပါတယ်။ ဒီနေ့လဲ မနက်စောစောကတည်းက အိပ်ရာကထပြီး ၆ နာရီမထိုးခင်မှာ အိမ်ကနေစတင်ထွက်ခွာဖို့ပြင်ဆင်ထားပြီး အဆင်သင့်လဲဖြစ်နေခဲ့တယ်။ ဒါပေမဲ့ အိမ်ကနေစတင်ထွက်ခွာတော့မဲ့အချိန်မှာ ရုတ်တရက်ဆိုသလို မိုးတွေက အဆက်မပြတ်သဲကြီးမဲကြီးရွာသွန်းတော့တယ်။ မိုးရွာနေတာက တော်တော်နဲ့ရပ်မသွားပါဘူး။ မိုးတိတ်တဲ့ထိ စောင့်နေမယ်ဆိုရင် အချိန်တွေနောက်ကျသွားမှာကို စိုးရိမ်တာနဲ့ သူငယ်ချင်းရဲ့မိသားစုတွေက စောင့်မျှော်နေကြရမှာကို အားနာတာကြောင့် မိုးတွေရွာနေဆဲမှာပဲ ထွက်ခွာလာခဲ့ရတယ်။

သူငယ်ချင်းရဲ့အိမ်ရှိရာကို ရောက်တဲ့အခါ မိုးမတိတ်သေးပေမဲ့ လိုက်ပါကြမဲ့သူအားလုံးက အဆင်သင့်ဖြစ်နေကြပါပြီ။ ဒါကြောင့် မိုးအတိတ်ကိုခဏစောင့်ပြီးမှ စတင်ထွက်ခွာလာခဲ့ကြတယ်။ ပြင်ဦးလွင်မြို့ရဲ့ ရာသီဥတုက မနက်စောစောအချိန်တွေမှာ ချမ်းအေးလေ့ရှိနေသလို အခုလို မိုးရွာသွန်းလိုက်တာကြောင့် ပိုပြီးတော့ ချမ်းစိမ့်စိမ့်ဖြစ်လာရတယ်။ မိုးရွာလိုက်တဲ့အခြေအနေကြောင့်လဲ ထင်းရှူးရနံ့တွေ၊ ယူကလစ်ရနံ့တွေက ပိုမိုပြီးသင်းသင်းပျံ့ပျံ့ထွက်ပေါ်လာကြတယ်။ အဓိကအားဖြင့် ယူကလစ်ရနံ့တွေကို သိသိသာသာထင်ထင်ရှားရှား ရှူရှိုက်ခံစားနေကြရတယ်။ ဒီရနံ့တွေက စိတ်ကိုကြည်လင်လန်းဆန်းပေါ့ပါးသွားစေပါတယ်။

မြို့အထွက်ကိုရောက်ခါနီးမှာ မိုးက လုံးဝတိတ်သွားခြင်းမရှိသေးပေမဲ့ အတော်အတန်စဲနေပြီဖြစ်လို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ မနက်စာကိုဝင်ရောက် စားသောက်ကြရတယ်။ မနက်စောစော မိုးအေးအေးမှာ ကော်ဖီပူပူ၊ လက်ဖက်ရည်ပူပူနဲ့ အဆာပြေမုန့်တွေကို စားသောက်ကြပြီးမှ ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ မြို့အထွက်ကို ရောက်တာနဲ့ တန်းစီပြီးစိုက်ပျိုးထားတဲ့ ချယ်ရီပင်တန်းတွေကို တွေ့မြင်နေရတယ်။ ဒီချယ်ရီပင်တွေက မကြာခင်လပိုင်းအတွင်းမှာ လှလှပပဖြိုင်ဖြိုင်ဆိုင်ဆိုင်ပွင့်ကြတော့မှာပါ။

ပြင်ဦးလွင်-မန္တလေးလမ်းက အဆင့်မြင့်နိုင်လွန်းကတ္တရာခင်းလမ်းမကျယ်ကြီးပါ။ နေရာအများစုမှာ အတက်လမ်းနဲ့ အဆင်းလမ်းတွေကို သီးသန့်ခွဲခြားထားပြီး ဒွေးလမ်းတွေအဖြစ် ဖောက်လုပ်အသုံးပြုထားတယ်။ လုပ်ခဲ့ညားပြီး အသွင်အပြင်ဆန်းသစ်နေတဲ့ မြို့အဝင်ဆိုင်းဘုတ်ကြီးကို ဖြတ်ကျော်မောင်းနှင်လာခဲ့ပြီး မကြာခင်မှာ အလှနှစ်ညကားနေပြီဖြစ်တဲ့ အနီးစခန်းကို ရောက်လာခဲ့ကြတယ်။ လမ်းတွေကို အဆင့်မြင့်တိုးချဲ့ဖောက်လုပ်နေတာကိုလဲ တွေ့မြင်နေရတယ်။ လေယာဉ်ကွင်းရဲ့ရှေ့မှာတော့ လမ်းလုပ်ငန်းတွေပြီးစီးသွားပြီဖြစ်သလို ကျယ်ဝန်းလှပသပ်ရပ်တဲ့လမ်းမကြီးအဖြစ်ကို ရောက်ရှိသွားပါပြီ။

ရန်ကုန်-မန္တလေးအမြန်လမ်းကနေ သွားမလား၊ လမ်းဟောင်းကနေသွားမလားဆိုတာတွေကို ပြောဆိုတိုင်ပင်ကြရတယ်။ ဒီလိုပြောဆိုတိုင်ပင်ကြရင်းနဲ့ မိတ္ထီလာစီးပွားရေးတက္ကသိုလ်က မိတ္ထီလာမြို့ထဲမရောက်ဘဲ ရှမ်းတဲအနီး စက်မှုဇုန်နားမှာဖြစ်နေတာကြောင့် အမြန်လမ်းကနေမသွားကြတော့ဘဲ လမ်းဟောင်းကနေသွားရောက်ကြဖို့ စဉ်းစားဆုံးဖြတ်လိုက်ကြပြီး ရွှေစာရံလမ်းခွဲကိုရောက်တာနဲ့ ကျောက်ဆည်မြို့ဖြတ်လမ်းအတိုင်း ချိုးကွေ့မောင်းလာခဲ့လိုက်တယ်။ ရွှေစာရံ-ကျောက်ဆည်ဖြတ်လမ်းက သွားလာနေကျပုံစံအတိုင်း ရွှေစာရံရွာအနီးဝန်းကျင်မှာ ဈေးဆိုင်တွေ၊ ဈေးတန်းတွေ၊ ဈေးဝယ်သူတွေ




ယာဉ်သွားယာဉ်လာတွေများပြားပြီး အလွန်စည်ကားတဲ့နေရာဖြစ်နေတာကြောင့် ဒီလို လမ်းတွေချဲ့ထွင်အဆင့်မြင့်တင်နေတာတွေက အထူးကောင်းမွန်ပါတယ်။

အနီးစခန်းကိုကျော်လွန်လာတာနဲ့ မိုးရွာသွန်းခြင်းမရှိတော့ပါဘူး။ မိုးရွာသွန်းခြင်းမရှိတော့ဘူးဆိုတာက ရွာပြီးတိတ်သွားတာမျိုးမဟုတ်ဘဲ လုံးဝရွာမထားတာပါ။ မနက်စောစောကတည်းက မြို့ပေါ်မှာ သဲကြီးမဲကြီးရွာနေတဲ့မိုးက အနီးစခန်းအကျော်မှာ ရွာသွန်းခြင်းမရှိဘဲ ခြောက်သွေ့နေတယ်။ တောင်ကုန်းတောင်တန်းတွေ၊ သစ်တောကြီးတွေရှိနေတဲ့ ပြင်ဦးလွင်မြို့နယ်အတွင်းမှာ ဒီလိုမျိုးအဖြစ်အပျက် ရာသီဥတုအခြေအနေတွေ မကြာခဏဖြစ်ပေါ်လေ့ရှိပါတယ်။ တစ်ခါတစ်ရံ မြို့အတွင်းမှာပဲ အရှေ့နဲ့ အနောက်၊ တောင်နဲ့မြောက်တွေမှာ တူညီမှုမရှိတာတွေကို တွေ့မြင်နေရတယ်။

ပြင်ဦးလွင်-မန္တလေးလမ်းပေါ် မိမိတို့မောင်းနှင်နေတဲ့အချိန်မှာ အသွားအလာတွေများပြားနေပါပြီ။ ခရီးလမ်းကြောင်းပေါ်မှာ အထင်ကရနေရာတွေဖြစ်တဲ့ အောင်ချမ်းသာဈေးတန်း၊ ပြင်စာရွာဈေးတန်း၊ ၂၁ မိုင်စခန်း စတဲ့နေရာတွေမှာ ဒေသထွက်ကုန်တွေကို ဝယ်ယူ၊ ရောင်းချနေသူတွေ၊ ကားကြီးကားငယ်တွေနဲ့စည်ကားနေသလို ရှုခင်းတွေသာယာလှပတဲ့ သုံးထပ်ကွေ့နေရာတွေမှာ ရှုခင်းကြည့်သူတွေ၊ ဓာတ်ပုံရိုက်နေကြသူတွေနဲ့ စည်ကားနေတယ်။ မိမိတို့ရဲ့ခရီးအစီအစဉ်က ကျောင်းပြီးသွားတဲ့ကလေးကို သွားရောက်ခေါ်ယူတာသက်သက် ဖြစ်နေတာကြောင့် ဘယ်ကိုမှမဝင်၊ ဘာကိုမှမဝယ်ကြတော့ဘဲ ရှေ့ခရီးကို ဆက်လက်မောင်းနှင်လာခဲ့လိုက်တယ်။

လမ်းကြောင်းအတိုင်း ကားကိုဂရုစိုက်မောင်းနှင်နေရင်းနဲ့ သူငယ်ချင်းဖြစ်သူနဲ့အတူ မိတ္ထီလာမြို့ကို

နဲ့ စည်ကားရှုပ်ထွေးနေပြီး ဒီနေရာတွေကိုကျော်လွန်လာတာနဲ့ ရှင်းလင်းသွားပါပြီ။ ဒီလမ်းခရီးကို လေးငါးခေါက်လောက်မောင်းဖူး၊ သွားဖူးဖြစ်နေပြီဖြစ်တဲ့အတွက် လမ်းကြောအခြေအနေနဲ့ ဘယ်နေရာတွေမှာ ဘာတွေရှိနေတယ်၊ ဘာတွေကို တွေ့မြင်ရမယ်ဆိုတာ ကြိုတင်သိရှိနေပါတယ်။

ကောင်းမွန်ကျယ်ဝန်းတဲ့ကွန်ကရစ်လမ်းမကြီးအတိုင်း ကျေးရွာကြီးငယ်တွေ၊ စွန်ကရဲအင်းနဲ့ စက်ရုံ၊ အလုပ်ရုံတွေကို ကျော်ဖြတ်လာခဲ့ပြီး ကျောက်ဆည်မြို့အနီး ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ကို ရောက်လာခဲ့ကြတယ်။ ရှေ့ဆက်ပြီး ရွှေသိမ်တော်ဘုရားမုခ်ဦးကို ကျော်ဖြတ်ပြီးတာနဲ့ ကျောက်ဆည်မြို့တွင်းကို ဝင်ရောက်လာကြပြီ။ မိမိအနေနဲ့ သွားလာမောင်းနှင်နေကျ ရွာငံ၊ တောင်ကြီး၊ တာချီလိတ်ခရီးစဉ်တွေဆိုရင် ကျောက်ဆည်မြို့တွင်းကို ဝင်ရောက်ခြင်းမပြုတော့ဘဲ မြို့ရှောင်လမ်းကနေ သံရွာရောက်တဲ့ထိ ခရိုင်ချင်းဆက်လမ်းတွေကနေ မောင်းနှင်သွားမှာပါ။ ဒီလမ်းတွေက ခရီးမိုင်တိုတောင်းသွားသလို ကောင်းလဲကောင်း၊ ရှင်းလဲရှင်းနေပါတယ်။ ဒါပေမဲ့ အခုခရီးစဉ်အရ ကျောက်ဆည်မြို့တွင်းကို မဖြစ်မနေဖြတ်သန်းရပါတော့မယ်။ ကျောက်ဆည်မြို့တွင်းလမ်းတွေက ကျဉ်းမြောင်းပြီး ယာဉ်ကြောရှုပ်ထွေးတာတွေ၊ အချိန်ကြန့်ကြာမှုရှိတာတွေဖြစ်လိမ့်မယ်ဆိုပြီး ကြိုတင်တွေးထင်မှန်းဆသိရှိထားတဲ့အတိုင်း မီးပွိုင့်တွေအကြိမ်ကြိမ်မိ၊ ရှုပ်ထွေးလွန်းတဲ့လမ်းမကြီးပေါ်မှာ ကားကိုတစ်လှမ့်ချင်း မောင်းနှင်ပြီးမှ အခြားတစ်ဖက်မြို့ထွက်ကို ရောက်လာခဲ့ရတယ်။ မြို့အထွက်ကိုရောက်ရှိလာတော့လဲ လမ်းမကျယ်ကြီးတွေ၊ အသွားအပြန်နှစ်ဖက်ဒွေးလမ်းတွေနဲ့ မောင်းလို့ကောင်းသွားပါပြီ။

ကျောက်ဆည်မြို့ကိုကျော်လာခဲ့ပြီး ရွာငံ၊ တောင်ကြီးလမ်းခွဲ ဟန်မြင်မိုရ်ရွာ၊ မြစ်သား၊ နွားထိုးကြီး၊ မြင်းခြံလမ်းခွဲ၊ လက်ညှိုးထိုးရွာတွေကိုဖြတ်သန်းပြီးတာနဲ့ မကြာခင်မှာ ကူမဲမြို့အဝင်ကို ရောက်လာခဲ့ကြတယ်။ ဒီအချိန်မှာ မိမိသွားလာနားနေအပန်းဖြေလေ့ရှိနေတဲ့ ရွာခိုင်ကြီးရွာနဲ့ သူငယ်ချင်းဖြစ်သူကို သတိရမိလိုက်တာကြောင့် မိတ္ထီလာခရီးစဉ်ကို သွားနေတာဖြစ်ကြောင်း၊ အချိန်မရလို့ မဝင်ဖြစ်တော့ကြောင်း၊ နေကောင်းကျန်းမာကြောင်း စတာတွေကို ဖုန်းနဲ့ ဆက်သွယ်ပြောကြားလိုက်ရတယ်။ အချိန်ရမယ်ဆိုရင်တော့ ဝင်ရောက်နားနေလည်ပတ်ကြအုံးမှာပါ။ ဆက်လက်မောင်းနှင်လာရင်းနဲ့ မိနစ်ပိုင်းအတွင်းမှာ ကူမဲမြို့ကိုဝင်ရောက်လာတယ်။ ကူမဲမြို့က မန္တလေး-မိတ္ထီလာလမ်းပိုင်းမှာ မန္တလေးမြို့နဲ့ မိုင် ၅၀၊ မိတ္ထီလာမြို့နဲ့ မိုင် ၅၀ ဝေးကွာနေပြီး မန္တလေးနဲ့ မိတ္ထီလာကြား အလယ်မှာတည်ရှိနေတယ်။ မြို့နယ်တစ်ခုမဟုတ်ဘဲ မြစ်သားမြို့နယ်အတွင်းမှာပါဝင်နေတယ်။ ငယ်စဉ်အခါတုန်းက မိတ္ထီလာမြို့ကိုခရီးသွားရင်း ကူမဲမြို့မှာ ခရီးတစ်ထောက်နားခဲ့ဖူးပါတယ်။ အဲဒီတုန်းက ခရီးသည်တင်လိုင်းကားတွေက အများစုဖြစ်ပြီး လိုင်းကားတိုင်းနီးပါး ကူမဲမှာ ခဏရပ်နားကြရတယ်။ ကူမဲမြို့ရဲ့ဈေးအနီးလမ်းဘေးတစ်လျှောက်မှာလဲ စားသောက်ဆိုင်တန်းတွေ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေနဲ့ စည်ကားနေတာကို မြင်ယောင်နေမိတယ်။ အခုအချိန်မှာ ကူမဲမြို့က အဲဒီတုန်းကလောက် မစည်ကားတော့သလို ခရီးသည်တင်ကားတွေလဲ ရပ်နားခြင်းမရှိ၊ ဈေးဆိုင်တန်းတွေ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေလဲ မရှိကြတော့ပါဘူး။

ကူမဲမြို့ဆိုတာက ပုဂံခေတ်အနော်ရထာမင်းလက်ထက်မှာ ကျေးရွာတစ်ရွာအဖြစ် ထင်ထင်ရှားရှားရှိနေခဲ့ပါတယ်။ အနော်ရထာမင်းက ခရစ်နှစ် ၁၀၄၇ ခုနှစ်မှာ ပန်းလောင်မြစ်ကို အခြေတည်ပြီး ဆည်ကြီးလေးခုကို တည်ဆောက်ခဲ့တယ်။ အဲဒီဆည်ကြီးတွေက ငနိုင်သေဉ်ဆည်၊ ပြောင်းပြာဆည်၊ ကူမဲဆည်နဲ့ ကင်းတားဆည်တွေဖြစ်ပါတယ်။ ကူမဲဆည် တည်ဆောက်ခဲ့တဲ့နေရာမှာ ကူမဲရွာဆိုပြီးပေါ်ပေါက်ခဲ့သလို နောင်အခါမှာကူမဲဖြစ်လာကြောင်း မြို့သမိုင်းတွေအရ သိရှိထားရတယ်။

ကူမဲမြို့က အခုအချိန်မှာ သာမန်မြို့ငယ်လေးတစ်မြို့ဖြစ်နေပေမဲ့ အနီးပတ်ဝန်းကျင်မှာ လေ့လာလည်ပတ်စရာနေရာတွေ အများအပြားတည်ရှိနေတယ်။ အထင်ကရတွေဖြစ်တဲ့ ပြဒါးလင်းဂူ၊ ပြကွန်ရွှေတောင် စတဲ့နေရာတွေအပြင် လူသိများထင်ရှားတဲ့ ပန်းလောင်ရေတံခွန်၊ ဆင်ခေါင်းတောင်၊ မြို့ကြီးတောရကျောင်း၊ ရှမ၀တောင်၊ ကင်းတားဆည်၊ ငပြောင်ဆည်တို့လို သာယာလှပတဲ့နေရာတွေနဲ့ အတူ ရှေးဟောင်းသမိုင်းဝင်ဘုရားစေတီကြီးတွေလဲ အမြောက်အမြားရှိနေပါသေးတယ်။ ကူမဲမြို့အနီးမှာရှိနေတဲ့ လေ့လာလည်ပတ်စရာနေရာတွေကို စုံစုံလင်လင်သွားရောက်ကြမယ်ဆိုရင် ရက်အနည်းငယ်ကြာတဲ့ထိ အချိန်ပေးရမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ခရီးစဉ်စတင်ထွက်ခွာချိန် ပြင်ဦးလွင်မြို့မှာ မိုးတွေသဲကြီးမဲကြီးအဆက်မပြတ်ရွာသွန်းနေခဲ့တာပါ။ အခု ကူမဲမြို့ကိုရောက်နေတဲ့အချိန်မှာ မိုးလေတွေကင်းပြီး နေကျဲကျဲပူလို့နေပါသေးတယ်။ ဒီလို ရာသီဥတုကြည်ကြည်လင်လင်သာသာယာယာနဲ့ ရှေ့ခရီးကို ဆက်လိုက်ပါအုံးမယ်။

# ဘားအံမြို့ရှိ သေဠမာရ်အောင်ဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၉၀၀၀ ပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



ယခင်နှစ်က မီးပုံးပျံလွှတ်ရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**ဘားအံ အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့ရှိ သေဠမာရ်အောင် ဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၆ ရက်)တွင် ဆီမီး ၉၀၀၀ ပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင် ဦးတင်ဝင်းထံမှ သိရသည်။

အဆိုပါ ဆီမီး ၉၀၀၀ ပူဇော်ပွဲကို ဘားအံမြို့ရှိ သေဠမာရ်အောင်ဘုရားကြီးနှင့် မီးပုံးပျံလွှတ်ပွဲကို အဆိုပါ ဘုရားကြီးအနီး သီရိကွင်း၌ အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

"မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ မနက် ၇ နာရီမှာ ဘုရားအနီး သီရိကွင်းမှာ ကျင်းပမှာဖြစ်ပြီး မီးပုံးပျံအသေး အလုံးရေ ၂၀၀ နဲ့ မီးပုံးပျံအကြီး ၃၂ လုံး လွှတ်တင်ပူဇော်မှာဖြစ်ပါတယ်။ ဆီမီး ၉၀၀၀ ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီမှာ ဘားအံမြို့ရှိ သေဠမာရ်အောင်ဘုရားကြီးမှာ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင် ဦးတင်ဝင်းက ပြောပြသည်။

အဆိုပါပွဲတော်ကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ဒေသခံများစုပေါင်းကျင်းပမည်ဖြစ်ကာ သီတင်းကျွတ်ကာလအတွင်း ဘားအံမြို့သို့ လာရောက်လည်ပတ်သည့် ခရီးသွားများကို ဆွဲဆောင်ရန်ရည်ရွယ်ကာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ASH

# Garden City မှုခင်းဒရာမာဇာတ်ကား၌ မင်းသား ပေါဝေါတာဟော်ဆာ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၆**

Magenta Light စတူဒီယို၏ Garden City အမည်ရှိ မှုခင်းဒရာမာဇာတ်ကားသစ်၌ မင်းသား ပေါဝေါတာဟော်ဆာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများအရ သိရသည်။

Garden City ဇာတ်ကားသည် ဖြစ်ရပ်မှန်ဇာတ်လမ်းကို အခြေခံရိုက်ကူးမည့် မှုခင်းဒရာမာဇာတ်ကားဖြစ်သည်။

Garden City ဇာတ်ကားကို ဒါရိုက်တာဂျွန်ကာရန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် ကင်းဆက်ပြည်နယ် ဂါးဒင်းစီးတီးမြို့တော်၌ နေထိုင်သည့် လူရိုးလူအေးတစ်ဦး မြို့တွင်းရှိ ဆိုမာလီနွယ်ဖွားများကို ပစ်မှတ်ထားသည့်အကြံအစည်တစ်ခုနှင့် မမျှော်လင့်ဘဲ ပါဝင်ပတ်သက်မိခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Garden City ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို လာမည့်နှစ် ဇန်နဝါရီလတွင် စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားပြီး မင်းသား ပေါဝေါတာဟော်ဆာသည် ဒါရိုက်တာ ဇက်ခရက်ဂျာ၏ Resident Evil ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# တေးသံရှင် နီနီခင်ဇော်၏ Rise of the Phoenix တေးဂီတဖျော်ဖြေပွဲကို တာမွေမြို့နယ်ရှိ Hexagon Complex တွင် ကျင်းပမည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၆**

တေးသံရှင် နီနီခင်ဇော်၏ Rise of the Phoenix တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ Hexagon Complex ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် နီနီခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ တေးသံရှင် နီနီခင်ဇော်၏ Rise of the Phoenix တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် နီနီခင်ဇော်နှင့်အတူ ဖြိုးပြည့်စုံ၊ အောင်ထက်၊ မိစန္ဒီ၊ ဂျူဝယ်တို့ကလည်း ပံ့ပိုးသီဆိုပေးသွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Lucky Hand တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။




"နီနီရဲ့ Rise of the Phoenix တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၇ ရက်မှာ ကျင်းပမှာပါ။ ဒီပွဲမှာ သီချင်းတွေအများကြီး ဖျော်ဖြေတင်ဆက်နိုင်ဖို့အတွက် နီနီ အသေးစိတ်ပြင်ဆင်ထားပါတယ်။ ပရိသတ်အားလုံးနဲ့ ဆုံရဖို့အတွက် ရင်ခုန်နေပါတယ်။ ဒီဖျော်ဖြေပွဲမှာတော့ အပိုင်းငါးပိုင်း စီစဉ်ထားပါတယ်။ နီနီရဲ့သူငယ်ချင်းတွေဖြစ်တဲ့ ဖြိုးပြည့်စုံ၊ အောင်ထက်၊ မိစန္ဒီ၊ ဂျူဝယ်တို့နဲ့အတူ ရှိနေမှာမို့ အရောက်လာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် နီနီခင်ဇော်က ပြောပြသည်။

တေးသံရှင် နီနီခင်ဇော်၏ Rise of the Phoenix တေးဂီတဖျော်ဖြေပွဲကို Channel K ရုပ်သံလိုင်းမှလည်း ပြန်လည်ထုတ်လွှင့်ပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# One Night Out ဇာတ်ကား၌ အယ်ဒစ်ဟော့နှင့် ဝန်မီမိုဆာကူတို့ပါဝင်မည်ဖြစ်

**နယူးယောက် အောက်တိုဘာ ၁၆**

Amazon MGM စတူဒီယို၏ One Night Out အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကားတွင် မင်းသား အယ်ဒစ်ဟော့နှင့် မင်းသမီး ဝန်မီမိုဆာကူတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများအရ သိရသည်။

One Night Out ဇာတ်ကားသည် စာရေးဆရာ နယ်ဆင်ဂရီးဗက်၏ ခေါင်းစဉ်အမည်တူ ဝတ္ထုတိုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် နေအိမ်၌ ကလေးသုံးဦးကို ကလေးထိန်းဖြင့်ထားခဲ့ပြီးနောက် ညပိုင်းထွက်လည်မိခဲ့သည့် ဇနီးမောင်နှံနှစ်ဦး ရင်ဆိုင်ရမည့်အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

One Night Out ဇာတ်ကားကို ဒါရိုက်တာ ဂျော့တေးမင်းဂျူနီယာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို စာရေးဆရာ နယ်ဆင်ဂရီးဗက်ကိုယ်တိုင် ရေးသားပေးထားကြောင်း သိရသည်။

One Night Out ဇာတ်ကားကို Prime Video မှတစ်ဆင့် အွန်လိုင်းစနစ်ဖြင့် ထုတ်လွှင့်ပြသရန်လည်း Amazon MGM စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# Nadi Moe Film Production က ရိုက်ကူးထုတ်လုပ်မည့် အလဲအကွဲဒဏ္ဍာရီ ရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၆**

Nadi Moe Film Production က ရိုက်ကူးထုတ်လုပ်မည့် အလဲအကွဲဒဏ္ဍာရီ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ အိမ်တော်ရာစေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အလဲအကွဲဒဏ္ဍာရီ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ဆောင်းလုလင်၏ ဝတ္ထုဇာတ်လမ်းကို အောင်ချမ်းလူက ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ အောင်ချမ်းလူကပင် Nadi Moe Film Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားကတော့ Nadi Moe Film Production ရဲ့ဒုတိယမြောက် ခြေလှမ်းလဲဖြစ်ပါတယ်။ အလဲအကွဲတွေကြားမှာ ဘယ်လိုဒဏ္ဍာရီတွေ ပုန်းကွယ်နေမလဲဆိုတာ ဒီဇာတ်လမ်းပြီးစီးသွားလို့ထုတ်လွှင့်တဲ့အခါ အားပေးကြပါအုံး"ဟု အဆိုပါ ဇာတ်ကားကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ အောင်ချမ်းလူက ပြောပြသည်။

Nadi Moe Film Production က ရိုက်ကူးထုတ်လုပ်မည့် အလဲအကွဲဒဏ္ဍာရီ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်၊ ရဲရင့်သော်၊ ဆန်းမင်းဟိန်းထွဋ်၊ ဟိန်းသစ်ဈာန်၊ မိုးဟေကို၊ ပိုးမမှီသာ၊ သုန္ဒြေဦး၊ ထံတျာလင်းနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။ ASH

# Commander-in- Chief of Defence Services General Ye Win Oo presents prizes to winners at Final Match of the 63rd Defence Services Commander-in-Chief's Trophy Tatmadaw (Army, Navy and Air) Football Tournament and Prize Presentation Ceremony of the Tatmadaw (Army, Navy and Air) Sports Competitions 2026





General Ye Win Oo watches the final Match of the 63rd Defence Services Commander-in-Chief's Trophy Tatmadaw (Army, Navy and Air) Football Tournament.



General Ye Win Oo presents the first championship trophy and cash awards to the team representing Office of the Commander-in-Chief (Navy).



General Kyaw Swa Lin presents the second championship trophy and cash awards to the Yangon Command team.

**Nay Pyi Taw October 16**

Final Match of the 63rd Defence Services Commander-in-Chief's Trophy Tatmadaw (Army, Navy, and Air) Football Tournament and the Prize Presentation Ceremony of the Tatmadaw (Army, Navy, and Air) Sports Competitions 2026 took place at Zeyathiri Tatmadaw Sports Stadium in Nay Pyi Taw this evening. Commander-in- Chief of Defence Services General Ye Win Oo attended the ceremony and presented prizes to winners.

Also present at the ceremony together with the Commander-in-Chief of Defence Services were his wife Daw Nilar, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, union ministers and wives, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, officers, other ranks and families from the departments and offices of the Office of the Commander-in-Chief (Army, Navy and Air), senior officer trainees of the National Defence College, officers, other ranks and families from battalions and units under the Nay Pyi Taw Command, trainees of Tatmadaw Football Academy, invited guests and athletes.

First, the team representing the Camp Commandant's Office of the Office of the Commander-in-Chief (Army) and the team representing the Yangon Command played in the open division Final Match of the 63rd Defence Services Commander-in-Chief's Trophy Tatmadaw (Army, Navy, and Air) Football Tournament. As teams that made it to the final match, both sides competed with all-out efforts against each other. At the end of the first half, during the 2 minutes of injury time, the Yangon Command representative team scored the opening goal against the Office of the Commander-in-Chief (Army) Camp Commander's Office representative team.

The second half was also an intense competition between the two teams. At the 54th minute, Yangon Command team scored the second goal. At the final whistle, the Yangon Region Command team defeated the Office of the Commander-in-Chief (Army) Camp Commander's Office team with a 2-0 scoreline.

Afterward, the prize-presentation was held. According to the agenda, the Tatmadaw (Army, Navy and Air) military band together with the Flag Bearers and 17 sports teams led by the parade commander, coaches and athletes of the team that won the championship trophy and prize-winning teams took their positions in the sport ground.

Quartermaster-General Lt-Gen Zaw Myo Tin presented prizes to the best players in places, the fairplay award winning team and the best player of the tournament; Chairman of the Tatmadaw Sports and Physical Education Committee Adjutant-General Lt-Gen Zaw Hein, the third prize to Nay Pyi Taw Command team in the Tatmadaw (Army, Navy and Air) Football Tournament; and Lt-Gen Pyi Sone Lin from the Office of the Commander-in-Chief (Army), individual medals and cash awards to the team representing the Office of the Commandant's Office of the Commander-in-Chief (Army) which won the second prize in the football tournament.

Commander-in-Chief (Air) General Tun Win presented individual medals, the duplicate trophy of first prize and cash awards to first prize-winning Yangon Command team and Commander-in-Chief (Navy) Admiral Htein Win handed the third championship trophy and cash awards to Central Command team which bagged 33 gold, 31 silver and 46 bronze medals in the Defence Services Commander-in-Chief's Trophy Tatmadaw (Army, Navy and Air) Sports Competitions 2026.

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin presented the second championship trophy and cash awards to Yangon Command team which won 37 gold, 50 silver and 63 bronze medals *See Page 13*

# 13-storey building used in online scams/gambling in Shwe Kokko (Part-II) demolished; remaining ones to be knocked down

**Systematic demolition continues on a five-story building used for online gambling operations in Part-II of the Shwe Kokko area.**





**Before demolition.**





**Demolition using heavy machinery.**

**Nay Pyi Taw October 16**

As the government has placed on total eradication of online scams and gambling in cooperation with neighboring and regional countries, absolute demolition of illegal buildings in Shwe Kokko, Myawaddy districts in Kayin state, where the majority of online scams and gambling were based, were being demolished by interdepartmental teams comprising security forces, administrative bodies and local authorities. In doing so, a 13-storey building was detonated today while two 5-storey building were being demolished systematically with the use of machinery. Sixty-three Online scam/gambling buildings to be demolished in Shwe Kokko (Part-II) were classified into those to be knocked down with the use of machinery, to be detonated and to be levelled down manually floor by floor due to their proximity to residential buildings. Systematic demolition continued and 98 percent and 65 percent of demolition of two 5 storey buildings out of those to be destroyed with the use of machinery respectively completed. Moreover, a 13-storey building was totally detonated with the use of explosives.

The interdepartmental teams will continue to demolish the remaining 59 buildings used in online scams and gambling systematically and the government has placed emphasis on combat against online scams and gambling as a national responsibility while plans are underway to effectively raid them so that they cannot take root in the country in coordination with domestic forces as well as neighboring governments.

100

# Online gambling and scam operators arrested with equipment in Lashio, Northern Shan State



**The site in Ward 12, Lashio, Northern Shan State, where perpetrators of online scam and gambling operations were arrested.**



**Perpetrators of online scam and gambling operations seen following their arrest.**

**Nay Pyi Taw October 16**

The Government is placing priority on preventing, detecting, investigating and taking action against online scams and online gambling activities, which pose serious threats to society and damage people's socioeconomic well-being, treating these efforts as a national responsibility.

In this regard, acting on information that online scam and gambling activities were being conducted in Ward 12, Area 19, Lashio, northern Shan State, a joint team comprising security personnel and departmental officials conducted a search and inspection operation there last night. During the operation, four Myanmar nationals — three men and one woman — were identified and arrested at a house on Sin Shwe Li Lane 7 in the ward for allegedly engaging in online scam and gambling activities. The team also seized six mobile phones of various types, three laptops, one 12-volt battery, one solar panel, one Wi-Fi device, other related equipment and K205,000 in cash.

The arrestees and seized items will be dealt with under Section 33(a) of the Electronic Transactions Law, with a case to be opened at Lashio Township Police Station. Authorities are continuing to step up efforts to eradicate online scam and gambling operations at their roots, prevent them from establishing a foothold and eliminate such activities completely.

100

*From page 12*

in the Defence Services Commander-in-Chief's Trophy Tatmadaw (Army, Navy and Air) Sports Competitions 2026.

Commander-in-Chief of Defence Services General Ye Win Oo presented the first championship trophy and cash awards to the team representing Office of the Commander-in-Chief (Navy) which secured 57 gold, 50 silver and 47 bronze medals in the Defence Services Commander-in-Chief's Trophy Tatmadaw (Army, Navy and Air) Sports Competitions 2026.

After the prize presentation ceremony, the flag bearer, 17 sports teams and Tatmadaw (Army, Navy and Air) Military Band led by the parade commander marched in military columns and waved to all while leaving the stadium.

Commander-in-Chief of Defence Services General Ye Win Oo and his wife Daw Nilar and guests waved back at them.

At that time, fireworks were launched to mark the successful completion of the 63rd Commander-in-Chief of Defence Services' Trophy Tatmadaw (Army, Navy and Air) Football Tourney and the 2026 Tatmadaw (Army, Navy and Air) Sports Competitions, and the ceremony came to an end successfully.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အိန္ဒိယက စထရာတိုစဖီးယားလေထုလွှာအတွင်း ရေရှည်စောင့်ကြည့်ထောက်လှမ်းနိုင်သည့်လေသင်္ဘောကို စမ်းသပ်အောင်မြင်



အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO)သည် စထရာတိုစဖီးယား လေထုအလွှာအတွင်း အချိန်ကြာမြင့်စွာပျံသန်း၍ ရေရှည်စောင့်ကြည့်ထောက်လှမ်းနိုင်သည့် လေသင်္ဘောကို စမ်းသပ်အောင်မြင်ခဲ့ကြောင်း NextGen Defense သတင်းဌာနက အောက်တိုဘာ ၁၂ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

စမ်းသပ်မှုတွင် High-Altitude Platform (HAPS) သည် Inertial Measurement Unit (IMU)၊ Global Positioning System (GPS) လက်ခံကိရိယာ၊ လေသင်္ဘောပေါ် တပ်ဆင်ထားသည့်ကင်မရာများနှင့် အမြင့်ထိန်းချုပ်ရေးစနစ်တို့ကို သယ်ဆောင်ပျံသန်းခဲ့သည်။ စမ်းသပ်ပျံသန်းစဉ် အဆိုပါလေသင်္ဘောသည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၀ ကီလိုမီတာအမြင့်ထိ ရောက်ရှိခဲ့ပြီး ကီလိုမီတာ ၂၀ အမြင့်တွင် မိနစ် ၃၀ ကျော်ကြာ ပျံသန်းနိုင်ခဲ့ပြီးနောက် မြေပြင်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ယခုစမ်းသပ်မှုသည် မြေပြင်အထက်မြင့်မားသော အမြင့်ပေ ၌ ပျံသန်းနေစဉ်အတွင်း ဗီဒီယိုနှင့် ပျံသန်းမှုဆိုင်ရာ အချက်အလက်များကို မြေပြင်ထိန်းချုပ်ရေးစခန်းသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်စွမ်းရှိကြောင်း အတည်ပြုခဲ့သည်။

အဆိုပါ လေသင်္ဘောကို အိန္ဒိယနိုင်ငံ Aerial Delivery Research and Development Establishment (ADRDE)က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လေထက်ပေါ့သည့် ပလက်ဖောင်းအမျိုးအစားဖြစ်သည်။ ၎င်းကို အချိန်ကြာမြင့်စွာ ဝေဟင်စောင့်ကြည့်ထောက်လှမ်းခြင်း၊ ထောက်လှမ်းရေးအချက်အလက် စုဆောင်းခြင်းနှင့် ကမ္ဘာ့မြေမျက်နှာပြင်အခြေအနေများကို လေ့လာစောင့်ကြည့်ခြင်းတို့အတွက် အသုံးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါစမ်းသပ်မှုတွင် DRDO၊ အိန္ဒိယလေတပ်၊ အစိုးရပိုင်ကဏ္ဍမှ ကုမ္ပဏီများနှင့် စက်မှုလုပ်ငန်းမိတ်ဖက်များ ပူးပေါင်းပါဝင်ခဲ့ကြသည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီး Rajnath Singh က ယခုစမ်းသပ်မှုသည် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားသည့် "Atmanirbhar Bharat" မူဝါဒအောက်တွင် စထရာတိုစဖီးယားလေထုလွှာအတွင်း ရေရှည်ပျံသန်းနိုင်သောပလက်ဖောင်းကို လက်တွေ့အသုံးချနိုင်ရေးအတွက် အရေးပါသည့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ယခုကြိုးပမ်းမှုသည် မြေပြင်ထက် မြင့်မားသောအမြင့်ပေမှ အချိန်ကြာမြင့်စွာ စောင့်ကြည့်ထောက်လှမ်းနိုင်ရန်အတွက် ပြည်တွင်းထုတ်လုပ်သည့် လေကြောင်းနှင့် အာကာသနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေခြင်းကိုလည်း ဖော်ပြနေသည်။ ထိုသို့ ပလက်ဖောင်းများသည် ရေရှည်စောင့်ကြည့် ထောက်လှမ်းရေးအပြင် မြင့်မားသောအမြင့်ပေမှ အချိန်ကြာမြင့်စွာ လေ့လာစောင့်ကြည့်ရန် လိုအပ်သည့် အခြားတာဝန်များတွင်ပါ အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ယခုစမ်းသပ်ပျံသန်းမှု အောင်မြင်ခြင်းသည် အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်း၌ လေကြောင်းနှင့် အာကာသနည်းပညာများကို ဖွံ့ဖြိုးတိုးတက်စေပြီး ရေရှည်စောင့်ကြည့်ထောက်လှမ်းရေးစွမ်းရည်များ တိုးမြှင့်တည်ဆောက်ရန် ကြိုးပမ်းနေမှု၏ အရေးပါသည့်တိုးတက်မှု တစ်ရပ်ဖြစ်ကြောင်း သိရသည်။

**India Tests Stratospheric Airship Built for Long-Endurance Surveillance ကို ဘာသာပြန်ဆိုထားပါသည်။**

# အမေရိကန်စစ်ဘက်က ဂျာမနီနိုင်ငံ၌ ဒရုန်းတန်ပြန်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မှု ပြုလုပ်





အမေရိကန်စစ်ဘက်က ဂျာမနီနိုင်ငံ၌ ဒရုန်းတန်ပြန်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာလ ၁၁ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်ခန်းအတွင်း အမေရိကန်စစ်ဘက်က SGT STOUT လေကြောင်းရန်ကာကွယ်ရေး တိုက်ယာဉ်များ၊ Sentinel ရေဒါအဖွဲ့များနှင့် AH-64 Apache တိုက်ခိုက်ရေး ရဟတ်ယာဉ်များ ပူးပေါင်း၍ ဂျာမနီနိုင်ငံ ဂရပ်ဖင်ဝိုးအရပ်၌ ကျည်စစ်၊ ကျည်မှန်များဖြင့် Live Fire ပစ်ခတ်လေ့ကျင့်ခဲ့သည်။

"Operation Skyfall II"ဟု အမည်ပေးထားသည့် ၎င်းစစ်ရေးလေ့ကျင့်မှုကို ဂျာမနီနိုင်ငံ ဗာဗေးရီးယားပြည်နယ်ရှိ Grafenwoehr စစ်ရေးလေ့ကျင့်ရေးနယ်မြေ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြေပြင်အခြေစိုက်ရေဒါများနှင့် လေယာဉ်များအကြား ဒရုန်းထောက်လှမ်းရေးအချက်အလက်များ မျှဝေသုံးစွဲနိုင်ရေးကို အဓိကထားဆောင်ရွက်ခဲ့သည်။

လေ့ကျင့်မှုတွင် အမှတ် (၅၂) လေကြောင်းရန်ကာကွယ်ရေး တပ်မဟာ၊ အမှတ် (၄) လေကြောင်းရန်ကာကွယ်ရေး တပ်ရင်း (တပ်ခွဲ-၅)မှ SGT STOUT တိုက်ယာဉ်များနှင့် Sentinel ရေဒါများကို အသုံးပြုခဲ့ပြီး၊ အမှတ် (၁၂) လေကြောင်း တိုက်ခိုက်ရေးတပ်မဟာမှ Apache ရဟတ်ယာဉ်များက ပူးပေါင်းပါဝင်ခဲ့သည်။

ယခုစစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် မြေပြင်အာရုံခံကိရိယာများနှင့် လေယာဉ်များကြား အချိန်နှင့်တစ်ပြေးညီ ပစ်မှတ်သတင်းနှင့် ကြိုတင်သတိပေး အချက်အလက်များ မျှဝေပေးပို့နိုင်ရေး တပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးရန်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်ခဲ့သည်။

SGT STOUT စနစ်သည် အမေရိကန်ကြည်းတပ်၏ Stryker သံချပ်ကာယာဉ်အခြေခံ တာတိုပစ်လေကြောင်းရန် ကာကွယ်ရေး (Maneuver Short-Range Air Defense - M-SHORAD) စနစ်ဖြစ်ပြီး သံချပ်ကာနှင့် ယန္တရားတပ်ဖွဲ့များနှင့်အတူ လိုက်ပါလှုပ်ရှား၍ ဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် အနိမ့်ပျံလေယာဉ်များ၏ အန္တရာယ်မှ ကာကွယ်ပေးရန် တည်ဆောက်ထားခြင်းဖြစ်သည်။

၎င်း၏ လက်နက်တပ်ဆင်သည့်ဆိုလည်တွင် Stinger ဒုံးကျည်များ၊ Hellfire ဒုံးကျည်များ၊ မီလီမီတာ ၃၀ အမြောက်၊ စက်သေနတ်နှင့် ရေဒါတို့ တပ်ဆင်ထားသည်။ Sentinel ရေဒါစနစ်မှာမူ အနိမ့်ပျံလေယာဉ်များနှင့် ဒရုန်းများကို ထောက်လှမ်းရယူပြီး အဆိုပါ အချက်အလက်များကို လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့များထံ ပေးပို့ပေးသည့် မြေပြင်အခြေစိုက်ယာဉ်တင်ရေဒါစနစ်ဖြစ်သည်။

အမေရိကန်ကြည်းတပ်သည် Stryker တိုက်ယာဉ်များ ပိုင်ဆိုင်ထားခြင်းမရှိသေးသည့် တပ်ဖွဲ့များအတွက် ပိုမိုပေါ့ပါးသော တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များကိုလည်း တည်ဆောက်လျက်ရှိသည်။ ၎င်း၏နောက်ထပ် အမျိုးအစားဖြစ်သော M-SHORAD Increment 4 စနစ်ကို ယာဉ်ငယ်များပေါ်တွင် တင်ဆောင်နိုင်သည့်စနစ်အဖြစ် စီစဉ်ထားပြီး General Dynamics Land Systems ကုမ္ပဏီက အဆိုပါစနစ်ကို Ford Ranger ပစ်ကပ်ကားပေါ်တွင် တပ်ဆင်ထားသည့်ပုံစံဖြင့် ယခုသီတင်းပတ် အမေရိကန်ကြည်းတပ် အသင်းအဖွဲ့ (AUSA) အစည်းအဝေးတွင် ပြသခဲ့ကြောင်း သိရသည်။

ယခုပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုသည် ခေတ်သစ်စစ်ပွဲများတွင် ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်ရာ၌ မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ဝေဟင်တိုက်ခိုက်ရေးစနစ်များကြား ကွန်ရက်ချိတ်ဆက် စစ်ဆင်နိုင်စွမ်း၏အရေးပါပုံကို ထင်ဟပ်ပြသနေသည်။ မြေပြင်အာရုံခံရေဒါများနှင့် လေယာဉ်များကြား အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက် ချိတ်ဆက်ပေးပို့နိုင်ခြင်းသည် မျက်ကွယ်ပစ်မှတ်များကို စောစီးစွာဖော်ထုတ်နိုင်သည့်အပြင် ရွေ့တန်းလှုပ်ရှားတပ်မဟာများ၏ တိုက်ပွဲဝင်စွမ်းရည်နှင့် အသက်ရှင်ကျန်ရစ်နိုင်ခြေကို မြှင့်တင်ပေးနိုင်သဖြင့် ခေတ်သစ်ဒရုန်းတန်ပြန်ရေး စစ်ဆင်ရေးများတွင် အဓိကအရေးကျသော နည်းဗျူဟာမြောက်ခြေလှမ်းတစ်ရပ်ဖြစ်လာနိုင်ကြောင်း သိရသည်။

**U.S. Army drills drone defense in Germany ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၂၃၆၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်ဖြူ စိုက်ခင်းကို တွေ့ရစဉ်။

**ကလေး အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၂၃၆၆ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် ကြက်သွန်ဖြူ ၂၃၆၆ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ကြက်သွန်ဖြူ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ကြက်သွန်ဖြူစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးပါမယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြသည်။

ကလေးခရိုင်တွင် ကြက်သွန်ဖြူစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၇၄၉ ဧက၊ မင်းကင်းမြို့နယ်တွင် ၆၁၇ ဧက စုစုပေါင်း ၂၃၆၆ ဧကဖြစ်ကြောင်း သိရသည်။

ကြက်သွန်ဖြူကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မျှင်ငါးပိ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မျှင်ငါးပိ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ဒေသထွက် ငါးပိ၊ ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိရာ ဩဂုတ်လအတွင်းက မျှင်ငါးပိ ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိ ၁၀ ပိဿာလျှင် ငွေကျပ် ၂၁၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ မျှင်ငါးပိတွေအပါအဝင် ဒေသထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ မျှင်ငါးပိတွေ ဝယ်ယူတာများနေပါတယ်။ မျှင်ငါးပိတွေက ဒေသတွင်းဈေးကွက်မှာလဲ ဝယ်ယူမှုအားကောင်းပါတယ်။ အခုလို မျှင်ငါးပိတွေ အရောင်းအဝယ်ကောင်းတော့ မျှင်ငါးပိလုပ်ငန်းလုပ်ကိုင်သူတွေအပြင် လုပ်သားတွေလဲ အဆင်ပြေလာပါတယ်"ဟု ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။



ငပုတောမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် မျှင်ကောင်များကို ဝယ်ယူပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ မျှင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သား ၁၅ဦးမှ ၂၅ဦးထိ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ငဖဲမြို့နယ် ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပေါင်းကလေးကျေးရွာအုပ်စု ပေါင်းကလေးကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ပေါင်းကလေးကျေးရွာရှိ ဆီထွက်သီးနှံ စိုက်ပျိုးမည့်တောင်သူ ၁၀၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၃၄၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**






# ပေါင်းတည်မြို့နယ် ညောင်ပင်ကိုင်းဆွဲကျေးရွာ၌ မြေနီလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး



**ပေါင်းတည် အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ညောင်ပင်ကိုင်းဆွဲကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုး၊ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက ညောင်ပင်ကိုင်းဆွဲကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ပင်ကိုင်းဆွဲကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၄၉ သန်း စုစုပေါင်းငွေကျပ် ၂၀ ဒသမ ၄၉ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်းမြေနီခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှထွက်ရှိလာသောထွက်ကုန်များကို အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

ဗလငါးတန် ဖွံ့ဖြိုးဗို့
စာအုပ်စာပေ ဖတ်ကြစို့






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အလွတ်တန်းအဆင့် ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

❑ ရှေ့ဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ ၊လေ) ရုံး၊ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာန ချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော် ဘောလုံးအကယ်ဒမီကျောင်းမှသင်တန်းသား များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများတက်ရောက်ကြသည်။

ဦးစွာ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ အလွတ်တန်းအဆင့် ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ် ကြသည်နှင့်အညီ တစ်ဖက်နှင့် တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပထမ ပိုင်းပွဲကစားချိန်အပြီး နာကျင်အချိန်ပို နှစ်မိနစ် တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းကို ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့သည်။

ဆက်လက်၍ပွဲချိန်ဒုတိယပိုင်းကိုအကြိတ် အနယ် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် ၅၄ မိနစ်တွင် ရန်ကုန်တိုင်းစစ် ဌာနချုပ်ကိုယ်စားပြုအသင်းက ဒုတိယ ဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ပွဲပြီးဆုံး ချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းကို နှစ်ဂိုး ဂိုးမရှိရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့် ပွဲအခမ်းအနားကိုကျင်းပရာ အစီအစဉ်အရ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း အဖွဲ့နှင့်အတူ စစ်ရေးပြမှူးကြီး ဦးဆောင် သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ၊ တံခွန်စိုက် ဒိုင်းဆုရရှိသည့်အသင်းများမှ အုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ၊ ဆုရရှိ ကြသည့်ဘောလုံးအသင်းများက ဗေယျာသီရိ တပ်မတော် အားကစားကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် ဆုများပေးအပ်ချီးမြှင့်ကြ ရာ တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံး ပြိုင်ပွဲတွင် နေရာအလိုက်အကောင်းဆုံးဆု ရရှိကြသူများ၊ အသန့်ရှင်းဆုံးဆုရရှိသည့် အသင်းနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး ဆုရရှိကြသည့် အားကစားသမားများကို စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်ကလည်းကောင်း၊ တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲတွင် တတိယ ဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းကလည်းကောင်း၊ ဒုတိယဆုရရှိ သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းကို ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ပြည့်စုံလင်းကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်းက တစ်ဦးချင်း ဆုတံဆိပ်များ၊ ပထမဆုဖလား၊ ဆင့်ပွား ဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၃၃ ခု၊ ငွေတံဆိပ် ၃၁ ခု နှင့် ကြေးတံဆိပ် ၄၆ ခုဖြင့်



၂၀၂၆ ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အလွတ်တန်းအဆင့် ဗိုလ်လုပွဲယှဉ်ပြိုင် ကစားနေမှုကို ကြည့်ရှုအားပေးကြသည့် ဧည့်ပရိသတ်များအား တွေ့ရစဉ်။

☆ ပြေးခုန်ပစ်ပြိုင်ပွဲမှ

ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှစိုးပိုင်က ပထမ၊အားကစားရေးရာဝန်ကြီးဌာနအသင်း မှ အောင်ကျော်ထက်က ဒုတိယ၊ ကာကွယ် ရေးဝန်ကြီးဌာနအသင်းမှ ကျော်ဇေလင်းက တတိယတို့ကိုလည်းကောင်း၊ မီတာ ၁၀၀ ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ ထက်ရှိုင်းအောင်က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ ကောင်းဆက်ဇော်က ဒုတိယ၊ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းမှ ဝေယံထက်က တတိယ တို့ကိုလည်းကောင်း၊ မီတာ ၁၅၀၀ ပြိုင်ပွဲ တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဟိန်းထက်အောင်က ပထမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းမှ ရဲရင့်အောင်က ဒုတိယ၊ ကျန်းမာရေး ဝန်ကြီးဌာနအသင်းမှ စောအယ်မူးက တတိယတို့ကိုလည်းကောင်း၊ မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းမှ ဟန်မင်းစိုးက ပထမ၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းမှ ရှင်းသန့် ကျော်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ မြင့်ဝင်းက တတိယတို့ကိုလည်း ကောင်း၊ မီတာ ၄၀၀x၄လက်ဆင့်ကမ်း (Mixed)ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းက ပထမ၊ ပြည်ထဲရေးဝန်ကြီး ဌာနအသင်းက ဒုတိယ၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက တတိယတို့ကိုလည်း ကောင်း၊ သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းမှ ဟိန်းထက်အောင်က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း မှ ဝိုင်ထက်ပိုင်က ဒုတိယ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းမှ လှမျိုးနိုင်က တတိယတို့ကိုလည်း ကောင်း၊ လုံတံပစ်ပြိုင်ပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းမှ နန်းထက်မောင်က ပထမ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ ဟိန်းသူအောင်က ဒုတိယ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းမှ ချစ်မင်းအောင်က တတိယတို့ကိုလည်းကောင်း အသီးသီးရရှိ ခဲ့သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် မာရသွန်ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ အေးအေး မြို့က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ လှိုင်လှိုင်မြင့်က ဒုတိယ၊ ဆောက်လုပ် ရေးဝန်ကြီးဌာနအသင်းမှ ဆန်လီက တတိယ တို့ကိုလည်းကောင်း၊ မီတာ ၁၀၀ ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ နွေဦးခိုင် က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ ခိုင်သဇင်ဦးက ဒုတိယ၊ ကာကွယ် ရေးဝန်ကြီးဌာနအသင်းမှ ခင်ရတနာအောင် က တတိယတို့ကိုလည်းကောင်း၊ မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ရီမြဲက ပထမ၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းမှ နှင်းရွှေရည်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဖြိုးဖြိုး အောင်က တတိယတို့ကိုလည်းကောင်း၊ မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဖြူဖြူ ထွေးက ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ပန်းအိစံက ဒုတိယ၊ ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းမှ နှင်းပွင့်လှိုင်က တတိယ တို့ကိုလည်းကောင်း၊ တန်းမြင့်ခုန်ပြိုင်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းမှ မြတ်နိုးသူက ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ နန်းဖြူ ပြာမြင့်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ယဉ်ယဉ်စိုးက တတိယတို့ကိုလည်း ကောင်း၊ လုံတံပစ်ပြိုင်ပွဲတွင် ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းမှ မေသဇင်မိုးက ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှခိုင်မြတ် မွန်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ သွယ်သွယ်မိုးက တတိယတို့ကို လည်းကောင်း အသီးသီးရရှိခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းက တံခွန်စိုက်ဒိုင်း တတိယဆုနှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၃၇ ခု၊ ငွေတံဆိပ် အခု ၅၀ နှင့်ကြေးတံဆိပ် ၆၃ ခု ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဒိုင်း ဒုတိယဆုနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၅၇ ခု၊ ငွေတံဆိပ် အခု ၅၀ နှင့် ကြေးတံဆိပ် ၄၇ ခုဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဒိုင်း ပထမဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းအဖွဲ့တို့က စစ်ကြောင်းပုံဖြင့်ချီတက်၍ လက်ဝှေ့ရမ်းနှုတ်ဆက်ပြီး ဇေယျာသီရိတပ်မတော် အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပြန်လည်လက်ပြနှုတ်ဆက်ကြသည်။

ထိုသို့ ချီတက်ထွက်ခွာနေချိန်တွင် ၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊လေ) အားကစားပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဒိုင်းဒုတိယဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်းတတိယဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ပထမဆုဖလား၊ ဆင့်ပွားဖလားနှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်စဉ်။





ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများအသီးသီးတွင်ဆုရရှိခဲ့သူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ဝန်ကြီးဌာနများမှတာဝန်ရှိသူများနှင့်ဒုတိယဝန်ကြီးများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲအမျိုးသားကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ သန့်စင်အောင်၏ စံချိန် 1:33.14 စက္ကန့်သည် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ပထမရွှေတံဆိပ်ဆုရရှိသည့် စံချိန် 1:35.25 စက္ကန့်ထက် သာလွန်ကောင်းမွန်သည့်အတွက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ သဲနုအောင်၏ စံချိန် 1:45.26 စက္ကန့်သည် ၃၃ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ပထမရွှေတံဆိပ်ဆုရရှိသည့် စံချိန် 1:46.52 စက္ကန့်ထက် သာလွန်ကောင်းမွန်သည့်အတွက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ကို လည်းကောင်း၊ ရွှေတံဆိပ်ဆု ငါးခုဖြင့် အကောင်းဆုံးအားကစားသမားဆု (Best Player)ဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဟိန်းထက်အောင်ကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ တို့ကို မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူတို့က လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ရမှတ် ၁၄၂ မှတ်ဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ပြိုင်ပွဲပွဲစဉ်တစ်လျှောက် ရမှတ် ၁၇၂ မှတ်ဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ရမှတ် ၂၈၂ မှတ်ဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ပေးအပ်ချီးမြှင့်ပြီးအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ထင်၊ ဦးရဲတင့်၊ ဦးလင်းအောင်၊ ဦးသိုက်စိုး၊ ဒေါက်တာသောင်းနိုင်ဦး၊ ဦးမျိုးကျော်သူ၊ ဦးစစ်နိုင်၊ ဌာနဆိုင်ရာများမှ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ ၁၆ ရက်ထိ ပြိုင်ပွဲကာလ လေးရက်ကြာဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပခဲ့ရာ ဝန်ကြီးဌာန ၂၃ ခုတို့မှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၂၂သင်း၊ အမျိုးသမီးအသင်း ၂၁ သင်း စုစုပေါင်းအင်အား ၄၈၇ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှေ့ဖုံးမှအဆက်

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်အား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက၏ရှေ့မှောက်၌ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုလွင်တို့က ကတိသစ္စာပြုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဥပဒေကဲ့သို့အာဏာတည်သော အမိန့်ကို ဆက်လက် အတည်ဖြစ်စေရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးကြသည်။

**ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်**က မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၊ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှအပ အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသေးသည့် မြို့နယ် ၅၅ မြို့နယ်ကို ထပ်မံ၍ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အား နောက်ထပ် ရက်ပေါင်း ၉၀ ထိ ဆက်လက်အတည်ဖြစ်စေရေးကိစ္စရပ်ကို ထောက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မတည်ငြိမ်မအေးချမ်းသေးသည့် ဒေသများတွင် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးတို့အတွက် ဥပဒေနှင့်အညီ လိုအပ်သည့် အစီအမံများ ဆောင်ရွက်ခြင်းသည် အရေးကြီးပါကြောင်း၊ အရေးပေါ်အခြေအနေတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရာတွင် အမိန့်တစ်ရပ်ထုတ်ပြန်ခြင်း၊ အုပ်ချုပ်ရေးစနစ်တစ်ရပ် ပြောင်းလဲကျင့်သုံးခြင်းတို့ဖြင့်သာ လုံလောက်သည်ဟု ပြော၍မရဘဲ အဆိုပါဆောင်ရွက်မှုများကြောင့် ပြည်သူများ လုံခြုံရေး၊ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ပြန်လည်ရရှိမှုကို လက်တွေ့ရလဒ်များဖြင့် တိုင်းတာကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးသည့် ၅၅ မြို့နယ်ကို အရေးပေါ်အခြေအနေနှင့် စစ်အုပ်ချုပ်ရေးသက်တမ်းဆက်လက်ထားရှိခြင်းနှင့်အတူ ပြည်သူများ၏ နေ့စဉ်ဘဝ ပြန်လည်တိုးတက်ကောင်းမွန်ရေးကိုပါ တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ထောက်ခံဆွေးနွေးတင်ပြသည်။

**သီပေါမဲဆန္ဒနယ် ဦးကောင်းသက်စံ**က လက်ရှိရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အချို့သောအဖွဲ့အစည်းများက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စစ်ဘုရင်ဝါဒကို အသက်သွင်းနေကြသဖြင့် ပြည်သူများ ဒုက္ခမျိုးစုံခံစားနေကြရသဖြင့် ယင်းအခြေအနေကို သတိထားကိုင်တွယ်ဖြေရှင်းပေးရန် လိုအပ်ပါကြောင်း၊ မည်သို့ပင် စစ်ဘုရင်ဝါဒဖြင့် အုပ်ချုပ်စေကာမူ အချိန်တန်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးသည် လမ်းညွှန်မြေပုံဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးသည် ယာဉ်၏ဘီးဖြစ်သဖြင့် လမ်းညွှန်မြေပုံမရှိလျှင် ဦးတည်ရာပျောက်နိုင်ပြီး ဘီးမရှိလျှင် ခရီးမဆန့်နိုင်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ရှေ့ခရီးအောင်မြင်စေရန် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အခြေခံအုတ်မြစ်အဖြစ် ခိုင်မာစွာတည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အပြင် ပြည်သူများဘဝ တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေး ဆက်လက်လိုအပ်လျက်ရှိသဖြင့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို ဆက်လက်အတည်ဖြစ်စေရန် လေးနက်စွာထောက်ခံကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ထပ်မံ၍ရက်ပေါင်း ၉၀ ထိ ဆက်လက်အတည်ဖြစ်စေရေးကို လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာနှင့် ယင်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁/၂၀၂၆) တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မန္တလေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၀) ဦးမြင့်စန်း**က နိုင်ငံ၏စီးပွားရေးကဏ္ဍ မြှင့်တင်ရန်အတွက် အသေးစား၊ အငယ်စား၊ အလတ်စား (MSME)လုပ်ငန်းများကို ဦးစားပေး၍ ဘဏ္ဍာငွေ ပံ့ပိုးပေးရန်၊ စက်ရုံမြေနေရာများနှင့် အလုပ်သမားများ နေထိုင်ရန် အိမ်ရာများဖော်ထုတ်ပေးရန်၊ အလုပ်သမားမိသားစုများ တရားဝင်နေထိုင်လုပ်ကိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊ MSME လုပ်ငန်းရှင်များ တောင်းဆိုထားသည့် စက်ရုံမြေနေရာများနှင့် အိမ်ရာမြေနေရာများကို အသိအမှတ်ပြုပေးရန်၊ ကုန်ကြမ်းဝယ်ယူရာတွင် ငွေကြေးကိစ္စနှင့် လျှပ်စစ်ဓာတ်အား၊ စက်သုံးဆီများရရှိရေးနှင့် လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် အမြန်ရရှိရေးဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းနှင့် အစီရင်ခံစာတင်ပြချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်**က စီမံကိန်းပါအချက်အလက်များအရ ပုံသေဈေးနှုန်းဖြင့် တွက်ချက်ထားသော GDP တွင် လယ်ယာကဏ္ဍအချိုးအစား လျော့နည်းလာသဖြင့် အမှန်တကယ် ကုန်ထုတ်စွမ်းအား၊ စိုက်ပျိုးမြေဧကအလိုက်အထွက်နှုန်းနှင့် တောင်သူဝင်ငွေတို့ကို အသေးစိတ်စစ်ဆေးသုံးသပ်ရန်လိုအပ်ပြီး တောင်သူများ ဝင်ငွေကျဆင်းပါက ကုန်စည်စားသုံးမှု၊ ကျေးလက် ဈေးကွက်၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် ဖန်တီးနိုင်မှုတို့အပေါ် ဆင့်ပွားထိခိုက်နိုင်သောကြောင့် GDP အချိုးအစားသာမက ပို့ကုန်တိုးတက်မှုနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကိုပါ ဆက်စပ်ရေးဆွဲသင့်ပါကြောင်း။

ထို့ပြင် လျှပ်စစ်ကဏ္ဍတွင် သာမန်စာရင်းပိုငွေ ပြသနိုင်သော်လည်း စီမံကိန်းဘတ်ဂျက်ကို အပြည့်အဝ အကောင်အထည်မဖော်နိုင်သေးဘဲ လျှပ်စစ်ပြတ်တောက်မှုများ ကြုံတွေ့နေရဆဲဖြစ်ရာ စာရင်းပိုငွေပြနိုင်ရုံမျှဖြင့် အောင်မြင်မှုအဖြစ် မသတ်မှတ်ဘဲ စီမံကိန်းများ အချိန်မီပြီးစီးမှုနှင့် ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးနိုင်စွမ်းတို့ကို အလေးထားချိတ်ဆက်သုံးသပ်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ရာတွင် ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များနှင့်အညီ ကဏ္ဍအလိုက် ထုတ်လုပ်မှုတိုးတက်နှုန်း၊ ဘတ်ဂျက်အသုံးပြုနိုင်မှုနှင့် စီမံကိန်းပြီးစီးမှုတို့ကို ဘက်စုံချိတ်ဆက်အကဲဖြတ်ကာ ပြည်သူများလက်တွေ့အကျိုးခံစားရမည့်ရလဒ်အခြေပြု စီမံကိန်းစနစ်ပိုမိုအားကောင်းစေရန်လိုအပ်ကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦး**က ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံရေးပဋိပက္ခဖြစ်ပွားခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ တရားဥပဒေစိုးမိုးမှုကျဆင်းခြင်း၊ လုပ်သားရှားပါးခြင်း၊ သယ်ယူပို့ဆောင်ရေးခက်ခဲမှု စသည်တို့ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်တွင် စက်မှုထုတ်ကုန်များ ဝယ်လိုအားမြင့်တက်လာနိုင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အားကောင်းလာနိုင်ခြင်း စသည့်အခြေအနေများကြောင့် စီးပွားရေးအခြေအနေတိုးတက်လာနိုင်ပါကြောင်း၊ ပြည်သူများ စားဝတ်နေရေးအဆင်ပြေပြီး တစ်မျိုးသားလုံးစီးပွားရေးတိုးတက်ရန်နှင့် စီးပွားရေးစီမံကိန်းများအောင်မြင်စွာ အကောင်ထည်ဖော်နိုင်ရန် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်းအေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့လွယ်ကူခြင်းတို့ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းပြီး ကုန်စည်စီးဆင်းမှုများ လွယ်ကူမြန်ဆန်လာစေခြင်း၊ အရှုံးပေါ်နေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ စက်ရုံများကို ပြန်လည်သုံးသပ်ပြီး အကျိုးအမြတ်ရှိစွာ ဆက်လက်ဆောင်ရွက်ကာ ပြည်သူများ၏ စားဝတ်နေရေးပြည့်စုံအောင် ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ**က နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအချို့တွင် လိုငွေပြမှုများရှိနေခြင်းသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအပေါ် ဖိအားတိုးစေနိုင်သည့်အပြင် ရေရှည်တွင် နိုင်ငံ၏ဘဏ္ဍာရေးတည်ငြိမ်မှုကို အားနည်းစေနိုင်ကြောင်း၊ လိုငွေကို ဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးခြင်းထက် လိုငွေဖြစ်ပေါ်ရသည့်အကြောင်းရင်းကို သေချာစိစစ်၍ ပြုပြင်ရေးအစီအစဉ်များချမှတ်ရန် လိုအပ်ပြီး ဘက်ပေါင်းစုံက ပြန်လည်ရှုမြင်သုံးသပ်ဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများပေါ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ လိုငွေဖြစ်ပေါ်နေသည့် လုပ်ငန်းတိုင်းသည် စီမံခန့်ခွဲမှုမှားယွင်းမှုကြောင့်ဟု တစ်ထစ်ချသတ်မှတ်၍မရဘဲ ကုန်ကြမ်းနှင့်စွမ်းအင်စရိတ်မြင့်မားခြင်း၊ စက်ပစ္စည်းများပြုပြင်ထိန်းသိမ်းစရိတ်များပြားခြင်း၊ ရောင်းချရသည့်ဈေးနှုန်းထက် ထုတ်လုပ်မှုစရိတ်ပိုမိုများပြားခြင်း၊ ပြည်သူများအတွက် ဝန်ဆောင်ခကို ကုန်ကျစရိတ်အောက်လျှော့ချသတ်မှတ်ထားခြင်းနှင့် လုပ်ငန်းလည်ပတ်မှုထိရောက်မှုနည်းပါးခြင်းတို့လည်း ဆက်စပ်နှီးနွှယ်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ချင်းပြည်နယ် ကိုယ်စားလှယ်အမှတ်(၁၁) ပီကျိန်ငိုက်မန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးခင်လှိုင်နှင့်ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်းတို့ကလည်း အကြံပြုထောက်ခံဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း အစီအစဉ်တို့ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန် လျာထားပါကြောင်း အသိပေးကြေညာသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာနှင့် ယင်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၂/၂၀၂၆)တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ**က ဘတ်ဂျက်လိုငွေလျှော့ချရာတွင် အစိုးရအသုံးစရိတ်ဖြတ်တောက်ခြင်း တစ်ခုတည်းသာမက အခွန်ပေးဆောင်သူအရေတွက် တိုးချဲ့ရန်လိုအပ်ခြင်း၊ အခွန်နှုန်းထားတိုးမြှင့်ခြင်းထက် အခွန်အခြေ(Tax Base) ကျယ်ပြန့်အောင် ဦးစားပေးဆောင်ရွက်ခြင်း၊ အခွန်ကောက်ခံမှုစနစ်ကို ရှင်းလင်းစေပြီး အခွန်ကင်းလွတ်ခွင့်များ ပြန်လည်သုံးသပ်သင့်ခြင်း၊ အခွန်တိမ်းရှောင်မှုကိုတားဆီးခြင်းတို့ ဆောင်ရွက်ရန်လိုအပ်ခြင်း၊ ရေရှည်အကျိုးရှိသော ရင်းနှီးမြှုပ်နှံမှုများအတွက် စီမံခန့်ခွဲခြင်း၊ အခွန်ဝင်ငွေပိုမိုတည်ငြိမ်လာပြီး အစိုးရ၏ချေးငွေအပေါ် မှီခိုမှုကိုလျှော့ချနိုင်စေရန် ဆောင်ရွက်ခြင်း၊ အစိုးရအသုံးစရိတ်များကို ထိရောက်စွာစီမံခန့်ခွဲခြင်း၊ အသုံးစရိတ်ကို လျှော့ချခြင်းထက် အသုံးစရိတ်၏အကျိုးရှိမှုကို မြှင့်တင်ရန် လိုအပ်ခြင်း၊ အစိုးရပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးစွမ်းအင် မြှင့်တင်ဆောင်ရွက်နိုင်ခြင်း၊ အစိုးရ၏ဘဏ္ဍာရေးလိုအပ်ချက်အတွက် ဗဟိုဘဏ်မှ ငွေကြေးဖောင်းပွမှုအန္တရာယ်၊ ချေးငွေကို ဆက်တိုက်တိုးမြှင့်ပါက အတိုးပေးချေမှုနှင့် အနာဂတ်ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးမြင့်တက်လာနိုင်မှု၊ ရေရှည်စီးပွားရေးစွမ်းရည်တိုးတက်စေမည့် စီမံကိန်းများတွင် ဦးစားပေးအသုံးပြုရန် လိုအပ်မှု၊ ပြည်တွင်းဘဏ်များမှ အစိုးရကို ချေးငွေများစွာပေးရသည့်အခါ ပုဂ္ဂလိကလုပ်ငန်းများအတွက် ချေးငွေရရှိမှုလျော့နည်းသွားနိုင်ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် GDP တိုးတက်မှုအပေါ် ထိခိုက်သက်ရောက်မှုရှိနိုင်ခြေတို့ကို သတိထားရန်လိုအပ်ကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်**က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ဆွေးနွေးရာတွင် မူလခန့်မှန်းငွေထက် ပြင်ဆင်ခန့်မှန်းငွေ၌ ရငွေတိုးလာသော်လည်း သုံးငွေတိုးလာမှု ပမာဏကပိုမိုများပြားပြီး ဘတ်ဂျက်လိုငွေတိုးမြင့်လာပါကြောင်း၊ ထို့ကြောင့် သုံးငွေတိုးလာရသည့် အဓိကအကြောင်းရင်းများ၊ မဖြစ်မနေတိုးမြှင့်သုံးစွဲရသည့် အသုံးစရိတ်များနှင့် ထပ်မံသုံးစွဲမည့်ငွေများမှ ရရှိလာမည့်အကျိုးရလဒ်များကို ရှင်းလင်းသုံးသပ်ရန် လိုအပ်ကြောင်း၊ ထို့ပြင် ဘတ်ဂျက်လိုငွေနှင့် GDP အချိုးတိုးလာမှုကို အလေးထားစိစစ်ရာ၌ လိုငွေဖြည့်ဆည်းသည့်နည်းလမ်း၊

**စာမျက်နှာ ၁၉ သို့**



# အမရပူရမြို့နယ်ရှိ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စုတွင် လက်မှုရွာ(လက်ရက်ကန်း) စီမံကိန်းနှင့် ညောင်ဦးမြို့နယ်ရှိ မြင်းကပါကျေးရွာတွင် လက်မှုရွာ(ယွန်းလက်မှုထည်)စီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ



**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စုတွင် လက်မှုရွာ(လက်ရက်ကန်း)စီမံကိန်းနှင့် ညောင်ဦးမြို့နယ်ရှိ မြင်းကပါကျေးရွာတွင် လက်မှုရွာ(ယွန်းလက်မှုထည်) စီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းနှစ်ခုကို လက်မှုလုပ်ငန်းများ တိမ်ကောပပျောက်မှုမရှိစေရေး၊ ပြည်တွင်း၊ ပြည်ပခရီးသွားများကို မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ကြည့်ရှုလေ့လာနိုင်စေရေး၊ မြန်မာ့ရိုးရာ လက်မှုပညာရပ်များကို နောင်လာနောက်သားများအတွက် လက်ဆင့်ကမ်းအမွေပေးနိုင်ရေးနှင့် လက်မှုလုပ်ငန်းရှင်များ၏ လူမှုစီးပွားဘဝမြင့်မားစေရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

အမရပူရမြို့နယ်ရှိ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လက်မှုရွာ(လက်ရက်ကန်း)စီမံကိန်းမှ သင်တန်းဆင်းပွဲ၊ ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံက ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းသင်တန်းဆင်းပွဲ၊ သုံးစွဲခွင့်ပေးမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အမရပူရမြို့ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံရှိ ရွှေလွန်းပျံခန်းမ၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ရိုးရာယဉ်ကျေးမှုလုပ်ငန်းများကို ခေတ်နှင့်အညီ နည်းပညာများနှင့်ပေါင်းစပ်၍ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်ထိ ရောက်ရှိနိုင်ရေးအတွက် အားလုံးပူးပေါင်းကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ လက်မှုရွာ(လက်ရက်ကန်း)စီမံကိန်းမှ လက်ပန်းထိုးနည်းပညာသင်တန်း၊ သဘာဝဆိုးဆေး(Eco-Printing & Botanical Printing) နည်းပညာသင်တန်း၊ ဓာတုဆိုးဆေးနည်းပညာသင်တန်းတို့တွင် ထူးချွန်ဆုရရှိသူများကို ဆုများ၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းမှ လုပ်ငန်းထူထောင်မည့်သင်တန်းသူများကို သုံးစွဲခွင့်ပေးမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ခင်းကျင်းပြသထားသည့် သင်တန်းထွက်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ လျှပ်စစ်ဓာတ်အားလိုင်းဆွဲရာတွင် လိုအပ်သည့် သံထည်ဆက်စပ်ပစ္စည်းများ၊ Panel အမျိုးမျိုး ထုတ်လုပ်တပ်ဆင်သည့် Kyaw Nyo Myat Substation Line Manufacturing စက်ရုံကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၁၈ မှအဆက်**

ချေးငွေဝန်ထုပ်ဝန်ပိုး၊ အသုံးစရိတ်များ၏ အကျိုးရလဒ်နှင့်လျော်ကဲ့သို့သော သဘာဝဘေးကြောင့် ပြန်လည်ထူထောင်နေရမှုတို့ကိုပါ ဆက်စပ်ထည့်သွင်းစဉ်းစားသင့်ကြောင်း။

နှစ်အလိုက် ဘဏ္ဍာငွေအရအသုံး အကောင်အထည်ဖော်မှုကို လေ့လာရာတွင်လည်း ပမာဏသက်သက်ကိုသာမကြည့်ဘဲ မူလရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု၊ ဘဏ္ဍာငွေထိရောက်စွာ အသုံးချနိုင်မှုနှင့် ပြည်သူများလက်တွေ့ရရှိသည့် အကျိုးရလဒ်တို့ကိုပါ သုံးသပ်ရန်နှင့် သုံးငွေတိုးနှုန်းက ရငွေတိုးနှုန်းထက် ပိုမိုမြင့်မားနေသဖြင့် အဓိကသုံးစွဲသည့်ကဏ္ဍများ၊ ရငွေတိုးတက်မှုနှင့် လိုက်လျောညီထွေရှိမှု၊ မျှော်မှန်းရလဒ်ရရှိမှုတို့ကို အသေးစိတ်စိစစ်ရန် လိုအပ်ကြောင်း၊ ထို့ပြင် ဘတ်ဂျက်လိုငွေတိုးလာမှု၏အကြောင်းရင်းနှင့် နောင်လာမည့်ဘဏ္ဍာနှစ်များအပေါ် သက်ရောက်နိုင်မှုကို ထည့်သွင်းစဉ်းစားရန်၊ ငွေလုံးငွေရင်းအသုံးစရိတ်တိုးလာမှုနှင့်အတူ စီမံကိန်းများ အချိန်မီပြီးစီးမှု၊ သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီမှုနှင့် ပြည်သူများအတွက် လက်တွေ့အကျိုးကျေးဇူးရရှိမှုတို့ကို အကဲဖြတ်ရန် လိုအပ်ကြောင်း၊ ကြွေးမြီရငွေလျော့ကျသော်လည်း ကြွေးမြီဆိုင်ရာအသုံးစရိတ်တိုးလာမှုကို မှန်ကန်စွာ အဓိပ္ပာယ်ဖော်နိုင်ရန်အတွက် ကြွေးမြီအမျိုးအစား၊ ကြွေးမြီသစ်ရယူမှုနှင့် ပြန်လည်ပေးဆပ်မှုဖွဲ့စည်းပုံကို ခွဲခြားသိရှိရန်နှင့် ကြွေးမြီအရင်းပြန်ဆပ်ငွေနှင့် အတိုးပေးငွေတို့ကို သီးခြားဖော်ပြပေးခြင်းဖြင့် ဘဏ္ဍာရေးအခြေအနေကို ပိုမိုရှင်းလင်းစွာသုံးသပ်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**ကန့်ကြီးထောင့် မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ** က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြုပြင်ပြီး ခန့်မှန်းခြေ ရငွေ၊ သုံးငွေများအပေါ် နှစ်ပတ်လည်အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို လေ့လာကြည့်ရာတွင် ရငွေအပိုင်း၌ သာမန်ရငွေရရှိမှု ၉၉ ဒသမ ၉၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရရှိမှု ၇၆ ဒသမ ၄၂ ရာခိုင်နှုန်း၊ ကြွေးမြီရရှိမှု ၅၄ ဒသမ ၅၉ ရာခိုင်နှုန်းနှင့် စုစုပေါင်း ရရှိမှု ၉၈ ဒသမ ၃၀ ရာခိုင်နှုန်း ဖြစ်သည့်အတွက် လျာထားချက်နီးပါး အကောင်အထည်ဖော်နိုင်ခဲ့သည်ဟု သုံးသပ်ရရှိသော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့တွင် လျာထားချက်မပြည့်မီခဲ့သည်ကို တွေ့ရှိရကြောင်း၊ လျာထားသတ်မှတ်ထားသည့် ဝင်ငွေများအပြည့်အဝရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ ပြည်ပနိုင်ငံများနှင့် သဘောတူစာချုပ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး၊ ကဏ္ဍအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများပြည့်ဝအောင် ဆောင်ရွက်နိုင်ရေးနှင့် ခေတ်စနစ်နှင့်ကိုက်ညီသောဝင်ငွေခွန်များရရှိအောင် ဆောင်ရွက် ရေးစသည်တို့အတွက် လက်တွေ့ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦးက ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း အစီအစဉ်တို့ကို ဆက်လက်ကျင်းပမည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန်လျာထားပါကြောင်း အသိပေးကြေညာသည်။

ယင်းနောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက လွှတ်တော်သို့ တင်သွင်းရာတွင် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်အတွက် ထပ်မံခွင့်ပြုပေးမည့် ဖြည့်စွက်ခွင့်ပြုငွေများ အပါအဝင် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(RE)ကို လည်းမူလခန့်မှန်းခြေငွေစာရင်း(BE)နှင့် နှိုင်းယှဉ်သုံးသပ်နိုင်ရန် ရေးဆွဲတင်ပြထားကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများအနက် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ စသည့် နိုင်ငံတော်ကရရှိမည့်အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များ၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါ်များစေရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသုံးစရိတ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများအတွက် ပြန်လည်ပြုပြင်ခြင်းအသုံးစရိတ်များကို ဦးစားပေး၍ ခွင့်ပြုရန် ဆောင်ရွက်ခဲ့ကြောင်း။

ထို့ပြင် အမှန်တကယ် ထပ်မံလိုအပ်သည့် လစာစရိတ်၊ ပင်စင်၊ ကုန်ကြမ်းဝယ်ယူခြင်း၊ ထုတ်လုပ်မှုစရိတ်၊ ပြည်ပအကူအညီရငွေများနှင့် ပြည်ပချေးငွေများ ထပ်မံရရှိလာခြင်းကြောင့် လိုအပ်လာသည့် အသုံးစရိတ်နှင့် ပြည်ပချေးငွေအတွက် အရင်းနှင့် အတိုး ပေးဆပ်ငွေများကိုလည်း စိစစ်ခွင့်ပြုခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေး၊ လျှပ်စစ်မီးနှင့်ရေရရှိရေး၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအသုံးစရိတ်များနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးမှုများအတွက် ပြန်လည်ပြုပြင်ရေးအသုံးစရိတ်များကို ဖြည့်စွက်ခွင့်ပြုငွေတွင် ဦးစားပေးခွင့်ပြုခဲ့ခြင်းကြောင့် အသုံးစရိတ်များ ထပ်မံလိုအပ်သဖြင့် လိုငွေတိုးလာရခြင်းဖြစ်ပါကြောင်း သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကျင်းပပြုလုပ်မည့်နေ့ရက်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

## ၁၆-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၀ ~ ၃၆၇၀ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၀၇၉,၀၄၈.၀၃ | ၄,၈၆၅,၆၆၅.၀၅ | ၁၀,၀၆၀,၈၆၀.၄၅ | - |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် **"ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့"** အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ယနေ့တွင် ဆက်လက်ကျင်းပသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ NSPNC အကြံပေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် မီဒီယာများ စုစုပေါင်းဦးရေ ၁၆၀ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ နံနက်ပိုင်းတွင် ဆွေးနွေးပွဲတက်ရောက်လာသူများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ နိုင်ငံရေးကဏ္ဍတွင် အဖွဲ့(၁)က **"ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုသဟဇာတ ဖြစ်ထွန်းရေးအတွက် လက်တွေ့ ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်လေ့လာခြင်း"** ခေါင်းစဉ်ဖြင့်ဆွေးနွေးရာ သဘာပတိအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း (အငြိမ်းစား)က ဆောင်ရွက်ပြီး ဒေါက်တာအမ်ကောနံလနှင့် ဒေါက်တာသုတအောင်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ စီးပွားရေးကဏ္ဍတွင် အဖွဲ့(၂)က **"ငြိမ်းချမ်းရေးနှင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ မြှင့်တင်မှုအကြား အပြန်အလှန်ဆက်နွယ်မှုနည်းလမ်းများ ဖော်ထုတ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များနှင့် အကူအညီများ ထိရောက်စွာဆောင်ရွက်နိုင်ရေး"** ခေါင်းစဉ်ဖြင့်ဆွေးနွေးရာ သဘာပတိအဖြစ် ဗိုလ်ချုပ်စိုးနိုင်ဦး(အငြိမ်းစား)က ဆောင်ရွက်ပြီး ဒေါက်တာဇော်ဦးနှင့် ဒေါက်တာညိုညိုသင်းတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးရာတွင် သဘာပတိများက အဖွင့်အမှာစကားများ ပြောကြားကြပြီး ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက်ဆွေးနွေး၍ တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများအပေါ် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပရာ သဘာပတိများဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း (အငြိမ်းစား)၊ ဗိုလ်ချုပ်စိုးနိုင်ဦး(အငြိမ်းစား)တို့က ဆွေးနွေးချက်အကြောင်းအရာများအပေါ် အနှစ်ချုပ်ပြန်လည်သုံးသပ် ဆွေးနွေးကြသည်။ ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နှစ်ရက်တာဆွေးနွေးမှုများမှ Top-down နှင့် Bottom-up ပေါင်းစပ်ပြီး Multiple Entry, One Process ဖြင့် အားလုံးပါဝင်အောင် ဖော်ဆောင်ရေး၊ NCA အနှစ်သာရကို အခြေခံ၍ ပြုပြင်ပြောင်းလဲရေး၊ လက်တွေ့အကျိုးပြု ငြိမ်းချမ်းရေးကိုဆက်စပ်ဆောင်ရွက်နိုင်ရေး (Review-in-Action & Nexus Approach)၊ အဆင့်စုံဆွေးနွေးမှု (Multi-Level Dialogue)နှင့် လူထုအခြေပြုကြားဝင်ညှိနှိုင်းမှု (Community- Led Mediation) ဖော်ဆောင်ရေး၊ အပြုသဘောဆောင်သောငြိမ်းချမ်းရေး(Positive Peace) နှင့် ဒေသဖွံ့ဖြိုးရေးချိတ်ဆက်ဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို အပြန်အလှန်အကျိုးပြုစေခြင်း (Peace-Economy Nexus)နှင့် ဒေသတွင်းချိတ်ဆက်ဆောင်ရွက်ရေး၊ လူသားချင်းစာနာမှုအကူအညီများကို အသက်မွေးဝမ်းကျောင်းနှင့်ချိတ်ဆက်၍ ဒေသအလိုက်တည်ငြိမ်မှုရှိအောင် ဖော်ဆောင်ရေးတို့ကို အဓိကအနှစ်ချုပ်အဖြစ် သုံးသပ်တင်ပြပြီး ဆွေးနွေးမှုများမှရရှိသည့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)မှ စိုင်းအိုက်ပေါင်း၊ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီမှ နော်သဇင်တုပ်၊ ကယားပြည်နယ်ပြည်သူ့ပါတီမှ စောဒယ်နီယယ်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီမှ စောခွန်ကျော်ဝင်း၊ ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးတို့က အမှတ်တရကျေးဇူးတင်စကားများ ပြောကြားကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမှတ်တရလက်ဆောင်ပေးအပ်ခြင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်စကားပြောကြားရာတွင် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးသူများက အချက်အလက်အပြည့်အစုံဖြင့် ဆွေးနွေးနိုင်ခဲ့ကြကြောင်း၊ ဆွေးနွေးမှုများအရ တိုင်းရင်းသားများတွင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိကြပြီး အတူတကွငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လျက်ရှိကြကြောင်း၊ သဘာဝသယံဇာတများကို တည်ဆဲဥပဒေနှင့်အညီ စနစ်တကျထုတ်ယူသွားကြရန်လိုကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ဘုံရည်မှန်းချက်အဖြစ်ထားရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တစ်ခုတည်းသောလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများရှိနေခြင်းသည် ငြိမ်းချမ်းရေးကိုထိခိုက်စေကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မီဒီယာများက အပြုသဘောဆောင်၍ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ပေးသွားရန် လိုကြောင်း ပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပထမအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (1st Myanmar-Russia Navy to Navy Talks) ပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၆**

ရန်ကုန်မြို့တွင်ပြုလုပ်သည့် ပထမအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (1st Myanmar-Russia Navy to Navy Talks) သို့ တက်ရောက်ရန်အတွက် ရုရှားရေတပ်မှ Major General Andrey Nikolaevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အဖွဲ့နှင့် နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရေယာဉ်များ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးချက်များ သဘောတူလက်မှတ်ရေးထိုးပွဲကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ ပြုလုပ်ခဲ့ပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ပထမအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ခဲ့သော ရုရှားရေတပ်မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ပထမအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (1st Myanmar-Russia Navy to Navy Talks) ပြုလုပ်စဉ်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်



**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲ အလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၃၆ ဦးနှင့်ကြီးကြပ်ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများသည် နိုင်ငံတော် အစိုးရ၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာ သွားသည်။

ထို့နောက် အဆိုပါထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးသို့ရောက်ရှိရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးက ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာသံရုံးမှ Kasetsart University သို့ သွားရောက် လေ့လာရာ တာဝန်ရှိသူများက တက္ကသိုလ် နှင့်ပတ်သက်သည့် အချက်အလက်များ၊ ဖွင့်လှစ်ပို့ချလျက်ရှိသည့် ဘာသာရပ်များ ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ နိုင်ငံတကာ ဘွဲ့ကြိုသင်တန်းကို လေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် Baiyoke Tower ၌ ဗန်ကောက်မြို့၏ ညရှုခင်းကိုကြည့်ရှု လေ့လာခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထူးချွန်ကျောင်း သား၊ကျောင်းသူများသည် မြဘုရားသို့ သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ရှေးဟောင်းဗိသုကာလက်ရာများ၊ နံရံ ဆေးရေးပန်းချီများကို လေ့လာကြပြီး Siam Ocean World တွင် ရေအောက်ဖန် ဥမင်လိုဏ်ခေါင်းမှတစ်ဆင့် ငါးမန်း၊ ပင်လယ်လိပ်နှင့် ငါးအုပ်ကြီးများ ကူးခတ် နေမှုများ၊ အရောင်အသွေးစုံလင်လှပသည့် ရေခူများ၊ ရေချိုသတ္တဝါများ၊ ပင်လယ်ဖျံ များ၊ရေနေသတ္တဝါများ ကျက်စားနေထိုင်ပုံ များနှင့် ပင်လယ်ရေအောက်သတ္တဝါများ ကို လက်တွေ့ကျကျလေ့လာကြသည်။

ထို့ပြင်Madame Tussauds Museum ပြတိုက်ရှိ သိပ္ပံပညာရှင်များနှင့် သမိုင်းဝင် နိုင်ငံ့ခေါင်းဆောင်များ၏ ရုပ်တုများ၊ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ၊ ကမ္ဘာ့ နာမည်ကျော် အားကစားသမားများ၊ ရုပ်ရှင်နှင့် ဂီတနယ်ပယ်မှ ထင်ရှားသည့် အနုပညာသမားများ၏ ပုံတူဖယောင်း ရုပ်တုများနှင့် ဖယောင်းရုပ်တုပြုလုပ်ပုံ အဆင့်ဆင့်တို့ကို သွားရောက်လေ့လာ ကြသည်။

အဆိုပါ ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် ယနေ့ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ ဆက်လက်ထွက်ခွာ သွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❍ မမြရေလှောင်တမံမှ

ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန် အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျ မှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံ အောက်ခြေဆင်ခြေလျှော၏ အပြင်ဘက် မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာ တောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော် သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက် ရှိသည်။



မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုပြုပြင်ရေးလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်ကြစဉ်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိ သည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်း တွင် တမံရှိရေ ၃၀၆ ဒသမ ၄ ပေသာ ကျန်ရှိတော့သဖြင့် ၈ ဒသမ ၆ ပေခန့် လျှော့နည်းသွားကြောင်း သတင်းရရှိသည်။

**(၅၀၁)**

# ၃၃ ကေဗွီ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်၍ ယာယီဓာတ်အားပြတ်တောက်မည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း စဉ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၁)ရှိ ထရန်စဖော်မာ အမှတ်(၂)ကိုထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ရာ ယင်းထရန်စဖော်မာမှ ဓာတ်အား ဖြန့်ဖြူးပေးထားသော ရုံးဌာနများ၊ ခုတင် ၁၀၀၀ ဆေးရုံ၊ သာယာကုန်းရပ်ကွက်၊ ပြန်ကပြေးရပ်ကွက်တို့တွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၉၈ /၂၀၂၆**
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၄ နည်းဥပဒေခွဲ (ဂ)နှင့် (ဃ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အမည်စာရင်းပြောင်းလဲပါက ကော်မရှင်သို့ ခုနစ်ရက်အတွင်း တင်ပြ ရမည်။

(ဃ) ပညာအရည်အချင်းကန့်သတ်ချက်မှအပ လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းနှင့်ပြည့်စုံသူ ကိုသာ ပါတီနာယကနှင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။"

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ◆ ရထားတိုးချဲ့ပြေးဆွဲမည်မှ

DEMU တွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ လေအိတ်ရထားတွဲဆိုင်းများဖြင့်လည်း ကောင်း၊ရိုးရိုး(AAR)တွဲဆိုင်းများ ဖြင့်လည်းကောင်း၊ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားသဖြင့် သီတင်းကျွတ်ရုံးပိတ်ရက် ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီး သွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်- ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်- ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထား များကို အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၃.၁၀.၂၀၂၆ | အဆန်အထူး (AAR) | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၄၅ |
| ၂ | ၂၄.၁၀.၂၀၂၆ | အစုန်အထူး (DEMU) | နေပြည်တော် | ရန်ကုန် | ၀၇:၀၀ | ၁၂:၀၀ |
| ၃ | ။ | အဆန်အထူး (လေအိတ်) | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၄ | ။ | အစုန်အထူး (လေအိတ်) | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၅ | ။ | အဆန်အထူး (လေအိတ်) | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၄၅ |
| ၆ | ။ | အစုန်အထူး (AAR) | မော်လမြိုင် | ရန်ကုန် | ၀၆:၃၀ | ၁၅:၄၀ |
| ၇ | ၂၇.၁၀.၂၀၂၆ | အဆန်အထူး (DEMU) | ရန်ကုန် | နေပြည်တော် | ၁၃:၀၀ | ၁၈:၀၀ |
| ၈ | ။ | အဆန်အထူး (လေအိတ်) | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၉ | ။ | အစုန်အထူး (လေအိတ်) | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၁၀ | ၂၇.၁၀.၂၀၂၆ | အဆန်အထူး (AAR) | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၄၅ |
| ၁၁ | ။ | အစုန်အထူး (လေအိတ်) | မော်လမြိုင် | ရန်ကုန် | ၀၆:၃၀ | ၁၅:၄၀ |
| ၁၂ | ၂၈.၁၀.၂၀၂၆ | အစုန်အထူး (AAR) | မော်လမြိုင် | ရန်ကုန် | ၀၆:၃၀ | ၁၅:၄၀ |

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနှုန်းထားနှင့်ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာ နိုင်ရေးအတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ် (၁၁)အဆန်၊(၁၂)အစုန် လူစီးအမြန်ရထား၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမှတ် (၈၁)အဆန်၊(၈၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၇၁) အဆန်၊(၇၂)အစုန် လူစီး အမြန်ရထားနှင့် ရန်ကုန်-ပျဉ်းမနား-ပုဂံလမ်းပိုင်းအတွင်း ပြေးဆွဲနေသော အမှတ်(၆၁)အဆန်၊(၆၂)အစုန် လူစီးအမြန်ရထားတို့တွင် လူစီးတွဲများ ထပ်တိုး၍ ဝန်ချိန်ပြည့်ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ရထားလက်မှတ် များကို Online မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System – ORTP) စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ် အစအဆုံးဘူတာများအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက် ကြိုတင် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၆**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ ဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့်တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းထွန်း ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် ကျောက်စိမ်းအတွဲ ၇၃၃ တွဲ ရောင်းချခဲ့ရ



**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းရတနာကုန်သည်များသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME)ကို အားပေးမြှင့်တင်ရန်အတွက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအနက် အတွဲအမှတ်(၁၆၀၆)မှ (၂၃၅၅)ထိ အတွဲ ၇၅၀ ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက စစ်ဆေးကာ ကျောက်စိမ်းအတွဲ ၇၃၃ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာသည်။

ယနေ့ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြည်တွင်းရတနာကုန်သည်များက အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများ ရွေးချယ်ကြည့်ရှုနေမှုနှင့် ဈေးနှုန်းပေးသွင်းလွှာများ တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှု ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ပြပွဲ ဒသမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအနက် အတွဲအမှတ်(၂၃၅၆)မှ (၃၀၇၃)ထိ ၇၁၈ တွဲကို ပြည်တွင်းရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြပြီး တင်ဒါပုံးများကို ညနေ ၅ နာရီတွင် ပိတ်သိမ်း၍ တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၇ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့အဖိုးတန်သယံဇာတများကို ရေရှည်တည်တံ့စေမှု၊ မြေသယံဇာတများကို ကန့်သတ်ထုတ်လုပ်မှု၊ ရေသယံဇာတများကို တိုးတက်ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နိုင်မှုတို့ကြား ဟန်ချက်ညီစွာ စီမံခန့်ခွဲခြင်းဖြင့် သယံဇာတစီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောက်တန်းမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၆**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရွှေပြောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ မြိုင်သာယာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် သုံးပါး၊ ဒေသခံပြည်သူ ၁၀၃ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# ပုသိမ်-ဟင်္သာတ ရထားလမ်းပိုင်းအတွင်း ရထားလမ်းများရေကျော်မှုကြောင့် ယာယီရပ်နားထားရသည့် ပုသိမ်-ဟင်္သာတ-ကြံခင်း အစုန်၊ အဆန်ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် ဇူလိုင်လမှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်မြစ်တာပေါင် ကျိုးပေါက်မှုကြောင့် ပုသိမ်-ဟင်္သာတ ရထားလမ်းပိုင်းရှိ ဒိုက်ပျက်ဘူတာနှင့် ဇရပ်လှဘူတာကြား မိုင်တိုင်အမှတ်(၁၃၄/၆)မှ (၁၃၅/၅)ထိ ပေ ၅၀၆၀ ခန့်တွင် ရထားသံလမ်း ကွန်ကရစ်ဇလီဖားတုံးအခြေထိ ရေများဝင်ရောက်ခဲ့ပြီး ၎င်းအနက် ပေ ၁၇၆၀ ခန့်တွင် ကွန်ကရစ်ဇလီဖားတုံးများနှင့် သံလမ်းအောက်ခြေထိ ရေနစ်မြုပ်ခဲ့မှုကြောင့် ဩဂုတ် ၄ ရက်မှ စတင်ပြီး ပုသိမ်-ဟင်္သာတ-ကြံခင်း အစုန်၊ အဆန် ရထားခရီးစဉ်များ ယာယီဖျက်သိမ်းခဲ့ရသည်။




မြန်မာ့မီးရထား တာဝန်ရှိသူများက ရေဖုံးလွှမ်းနေသည့် လမ်းပိုင်းအတွင်းသို့ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၂ ရက်ထိ ပုသိမ်-ဟင်္သာတ လမ်းပိုင်း၊ ဒိုက်ပျက်-ဇရပ်လှကြား မိုင်တိုင်(၁၃၃/၁၅-၁၃၅/၆)၌ ရေကျော်အမြင့်ဆုံး သံလမ်းမျက်နှာပြင်အထက် လေးပေနှင့် ဇရပ်လှ-ရေကြည်ကြား မိုင်တိုင်(၁၃၆/၁၁-၁၄၀/၁၇)၌ ရေကျော်အမြင့်ဆုံး သံလမ်းမျက်နှာပြင်အထက် ၈ ပေ ၉ လက်မ ရေကျော်လျက်ရှိကြောင်း တွေ့ရှိခဲ့ရပြီး ဩဂုတ် ၂၂ ရက်မှစတင်၍ ရေများပြန်လည်ကျဆင်းခဲ့ရာ စက်တင်ဘာ ၂၆ ရက်တွင် ရထားလမ်းတာပေါင်များ အောက်သို့ ရေကျဆင်းသွားခဲ့သည်။

ရေပြန်လည်ကျဆင်းချိန်တွင် ရေကျော်ခဲ့သောလမ်းပိုင်းများကို စက်တင်ဘာ ၁၃ ရက်မှစ၍ ရထားလမ်းပေါ်ရှိ အမှိုက်သရိုက်များရှင်းလင်းဖယ်ရှားခြင်း၊ ရေတိုက်စားမှုကြောင့် ဖြစ်ပေါ်လာသော ရေစားချောက်များကို မြေကြီးနှင့် 6"x 9" ကျောက်ကြီးများ ဖြည့်တင်းခြင်း၊ ရေစီးဖြင့်မျောပါသွားသော ကျောက်များကို ပြန်လည်ဆယ်တင်၍ လမ်းအတွင်းထည့်သွင်းခြင်း၊ လမ်းခင်းကျောက်များ ဖြည့်သွင်းခြင်း၊ သံလမ်းများ ထည့်သွင်းပြုပြင်ခြင်း၊ ရေကျော်လမ်းပိုင်းရှိ တံတား လေးစင်းတို့တွင် တံတားချဉ်းကပ်လမ်း၌ မြေကြီးနှင့် 6"x 9" ကျောက်ကြီးများ ဖြည့်တင်းခြင်း၊ တံတားတုံးလဲလှယ်ခြင်း၊ ရေနံချေးသုတ်ခြင်း၊ ချုပ်တန်းတပ်ဆင်ခြင်း၊ တံတားကြီးငယ်များ၏ကမ်းကပ်ခုံနှင့် အုတ်မြစ်များ စစ်ဆေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခုအောက်တိုဘာ ၁၃ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့မှုကြောင့် ရေကျော်လမ်းပိုင်းများဖြစ်သော ဒိုက်ပျက်-ဇရပ်လှနှင့် ဇရပ်လှ-ရေကြည် လမ်းပိုင်းတို့ကို အောက်တိုဘာ ၁၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ယမန်နေ့ အောက်တိုဘာ ၁၅ ရက်မှစတင်၍ အမှတ်(၁၈၁) အဆန်၊ (၁၈၂)အစုန် ပုသိမ်-ဟင်္သာတ-ကြံခင်း လူစီးအမြန်ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ




**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် အောက်တိုဘာ ၁၆

၂၀၂၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"လှပသာယာ ပြည်မြန်မာ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။ ကိုယ်တိုင်ရိုက်ကူးထားသောပုံဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၆ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များပါဝင်သည့် လေ့လာရေးအဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**❖ လေ့လာရေးခရီးထွက်ခွာမှု**

အဆိုပါလေ့လာရေးအဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

အဆိုပါ ထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူးဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီးလိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့တွင် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသည့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ငါးဦး၊ ဂုဏ်ထူး သုံးဘာသာဖြင့် အောင်မြင်သော စစ်သည် နှစ်ဦး၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ တစ်ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် လေးဦး စုစုပေါင်းဦးရေ ၃၀ ပါဝင်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အောက်တိုဘာ ၂၂ ရက်ထိ လေ့လာရေးခရီးစဉ်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကောင်းကင်ဘုံဗိမာန်ပန်းခြံ၊ လင်ကွမ်းဘုရားကျောင်း၊ နွေရာသီနန်းတော်၊ မဟာတံတိုင်းကြီး(Great Wall) နှင့် အခြားအထင်ကရနေရာများသို့ သွားရောက် လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သားသမီးများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များကို ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များစီစဉ်စေလွှတ်ပေးခဲ့ရာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ခေတ္တရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ လေ့လာရေးခရီး ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာကြမည့် အုပ်ချုပ်သူများနှင့် မျိုးဆက်သစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ပြောကြားမှုများကို ယခုကဲ့သို့ ကြားသိရပါသည်-

"ဂုဏ်ထူး ငါးဘာသာနဲ့ အောင်မြင်ခဲ့ပါတယ်။ အမှတ်ပေါင်းကတော့ ၅၃၇ မှတ်ဖြစ်ပါတယ်။ နှစ်အစကတည်းက စာကိုတစိုက်မတ်မတ်နဲ့ လုပ်ပြီးတော့ပေါ့နော် အမှားအယွင်းမရှိဘဲနဲ့ သေသေချာချာ စိတ်ကိုဆုံးဖြတ်ချက်ချပြီး တော့မှ ကြိုးစားခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သွားရောက်လေ့လာခွင့်ရအောင် ပို့ပေးတဲ့လူကြီးများကိုလဲ အထူးပဲကျေးဇူးတင်ရှိပါတယ်။ သူငယ်ချင်းမိတ်ဆွေအပေါင်းအသင်းတွေလဲ အများကြီးတိုးတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ သွားရောက်လေ့လာတဲ့အခါမှာလဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ယဉ်ကျေးမှုအသစ်တွေကိုလဲ အစွမ်းကုန်လေ့လာခဲ့ပါမယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။





"မိတ္ထီလာမြို့ အမှတ်(၂)ပညာရေး ကျောင်းကနေပြီးတော့ ပထဝီ၊ သမိုင်း၊ ဘောဂ ဂုဏ်ထူး သုံးဘာသာနဲ့ အောင်တာပါ။ ကျောင်းက ဆရာ၊ ဆရာမတွေရဲ့ သွန်သင်မှုတွေလဲ ပါတာပေါ့။ ကျောင်းအုပ်ကြီးရဲ့ပဲ့ကိုင်မှုတွေရော ကျွန်တော်တို့ ကိုယ်တိုင်ကလဲ ဘဝတစ်ဆစ်ချိုးပြောင်းလဲဖို့အတွက် ဒီလိုမျိုးအောင်မြင်အောင် ကြိုးစားခဲ့တာပေါ့။ ကျွန်တော်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သွားရောက်လေ့လာမှာပါ။ ကျွန်တော်တို့စစ်သည်အနေနဲ့ ပြည်ပလေ့လာရေးခရီးထွက်ရတဲ့အတွက် အရမ်းပျော်ပါတယ်။ အခုလိုကိုယ့်ရဲ့ကြိုးစားမှု ရလဒ်အသီးအပွင့်အနေနဲ့ခံစားရတာ အရမ်းပျော်ရွှင်ပါတယ်။ အခုလို ပြည်ပလေ့လာရေးခရီးစဉ် ပို့ပေးတဲ့အတွက် နိုင်ငံတော်ကိုရော၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုရော အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(၅၀၁)

**● လက်ဝှေ့ပြိုင်ပွဲမှ**

ပြိုင်ပွဲ ရှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း စုစုပေါင်းအင်အား ၂၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲဝင် အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန် လေးချက် ရွတ်ဆိုကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင် အသင်းများကို လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များသည် လက်ဝှေ့အားကစားသမားများ၏ ဝိတ်တန်းအမျိုးအစားအလိုက် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှု လုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| **ရုံးချုပ်(နေပြည်တော်)** | - | ၀၆၇-၃၄၀၅၀၉၉ |
| **နေပြည်တော်ရုံး** | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| **တိုင်းဒေသကြီးရုံး(ရန်ကုန်)** | - | ၀၉-၉၅၄၉၂၁၀၀၀ |
| **တိုင်းဒေသကြီးရုံး(မန္တလေး)** | - | ၀၉-၄၃၀၉၆၉၈၀ |

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**




ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြမြေပုံ။



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ အသုံးပြုသည့် လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

**✱ ဖမ်းဆီးရမိမှ**

အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်မြေ(၁၉) ရပ်ကွက်(၁၂)အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ယမန်နေ့ ညပိုင်းတွင် သွားရောက်ရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ အဆိုပါ ရပ်ကွက် ဆင်းရွှေလီလမ်းသွယ်(၇)ရှိ နေအိမ်တစ်လုံး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူ မြန်မာနိုင်ငံသား အမျိုးသား သုံးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း လေးဦးတို့ကို ဖုန်းမျိုးစုံ ခြောက်လုံး၊ Laptop သုံးလုံး၊ 12V Battery တစ်လုံး၊ Solar တစ်ချပ်၊ Wifi စက် တစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများကို မြန်မာငွေကျပ် ၂၀၅၀၀၀ နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူများကို လားရှိုးမြို့မရဲစခန်းက အီလက်ထရောနစ်ဥပဒေပုဒ်မ ၃၃ (က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်းမရှိစေရေးနှင့် အပြီးတိုင်ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် အထူးအလေးထား၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



စိုင်းငင်း ခေါ် အိုက်အေးနှင့် မနန်းစံဖောင်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



မနှင်းသီတာဖြိုး ခေါ် နှင်းနှင်းကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**■ မူးယစ်ဆေးဝါးမှ**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၁၄ ရက် ညနေ ၃ နာရီတွင် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်နေ စိုင်းငင်း ခေါ် အိုက်အေး ၃၁ နှစ်နှင့် မနန်းစံဖောင်း ၂၉ နှစ်တို့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါး ကက်တမင်းအဆီ ၂၆ ဒသမ ၁၅ လီတာ (တစ်လီတာလျှင် ငွေကျပ်သိန်း ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၈၄၅ ဘီလီယံ)၊ စိတ်ကြွဆေးပြား ၂၀၀ (တစ်ပြားလျှင်ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၀၀၀၀)၊ စိတ်ပြောင်းဆေးဝါး ကက်တမင်းအမှုန့် ဂရမ် ၃၀ (တစ်ဂရမ်လျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၇၀၀၀၀)၊ အနံ့ဆေးရည်ကိုးလီတာ(တစ်လီတာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၅၀၀၀) စုစုပေါင်းတန်ဖိုးငွေကျပ် ၇ ဒသမ ၈၄၅၃၉၅ ဘီလီယံကို ဖမ်းဆီးရမိသဖြင့် စိုင်းငင်း ခေါ် အိုက်အေးနှင့် မနန်းစံဖောင်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြိတ်မြို့နယ် မဇောကျေးရွာအုပ်စု ပသောင်း-ကြေးနန်းတိုင် တံတားအနီးတွင် မြိတ်မှကော့သောင်းသို့ မောင်းနှင်လာသည့် HIACE အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ခရီးသည် ကော့သောင်းမြို့နယ် မာရမ်းရွာနေ မနှင်းသီတာဖြိုး ခေါ် နှင်းနှင်း ၂၅ နှစ်ထံမှ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၂၅၀)ကို ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အထက်ပါပူးပေါင်းအဖွဲ့သည် စိတ်ကြွဆေးပြားများရောင်းချပေးသူ မြိတ်မြို့နယ် ပဂျီရှောင်ရွာနေ ထွန်းထွန်းဝင်း ခေါ် ထွန်းထွန်း ၄၈ နှစ်၏ နေအိမ်မှ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၅၀)ကို ထပ်မံဖမ်းဆီးရမိသဖြင့် မနှင်းသီတာဖြိုး ခေါ် နှင်းနှင်း၊ ထွန်းထွန်းဝင်း ခေါ် ထွန်းထွန်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အသီးသီးအရေးယူထားကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၁၄ ရက် ည ၇ နာရီခွဲတွင် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် နယ်မြေ(၁)နေ ခွန်ကျော်ထက် ခေါ် လဘုန်း ၂၄ နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၃၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၀)ကို ဖမ်းဆီးရမိသဖြင့် ခွန်ကျော်ထက် ခေါ် လဘုန်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ထောပတ်သီးနှင့် သစ်သီးဝလံပွဲ ၂၀၂၆ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာ့ထောပတ်သီးနှင့် သစ်သီးဝလံပွဲ ၂၀၂၆ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်းမှ သိရသည်။

အဆိုပါ မြန်မာ့ထောပတ်သီးနှင့်သစ်သီးဝလံပွဲ ၂၀၂၆ ကို ရန်ကုန်မြို့ မြေပဒေသာကျွန်း(ပုလဲကျွန်း)တွင် အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

“သီတင်းကျွတ်ကာလဆိုတာ ဝေးကွာနေကြတဲ့ မိသားစုတွေ၊ ချစ်ခင်ရသူတွေ ပြန်လည်ဆုံစည်းပြီး နွေးထွေးတဲ့အမှတ်တရကောင်းတွေဖန်တီးကြတဲ့ အချိန်လေးပဲဖြစ်ပါတယ်။

ပင်ပန်းသမျှတွေ ခဏမေ့ပျောက်ပြီး လာမယ့်သီတင်းကျွတ်ကာလမှာ ချစ်ခင်ရတဲ့သူတွေနဲ့အတူ ပျော်ပျော်ပါးပါး နွှဲပျော်နိုင်ဖို့ဖိတ်ခေါ်ပါတယ်”ဟု ပွဲတော်ကျင်းပရေး တာဝန်ခံတစ်ဦးက ပြောသည်။

အဆိုပါ ပွဲတော်ကြီးတွင် တောင်ပေါ်ဒေသက မြန်မာ့ထောပတ်သီး တောင်သူကြီးများ၏ တိုက်ရိုက်အရောင်းဆိုင်များ၊ ထောပတ်သီးစားသောက်ကုန်များ၊ အလှကုန်များ၊ ထူးထူးခြားခြားလက်ရာများနှင့် မြည်းစမ်း၍ကောင်းမည့် စားဖိုမှူးများ၏ ထောပတ်သီးMenu များ၊ ဗဟုသုတရစရာ ထောပတ်သီးပြခန်းများ၊ သစ်သီးဆိုင်ခန်းများ၊ အခြားသော စားသောက်ကုန်၊ လူသုံးကုန်ဆိုင်ခန်းများ ပါဝင်ခင်းကျင်းပြသထားမည်ဟု သိရသည်။

ထို့ပြင် ပအိုဝ်း၊ ဓနု၊ ရှမ်းတို့၏ ချစ်စရာတိုင်းရင်းသားအကအလှများ၊ တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ပျော်ရွှင်စရာ Game အစီအစဉ်များ အပြည့်အစုံပါဝင်မည့် Fun Festival ကြီးဖြစ်ကြောင်း သိရသည်။

စားသောက်ကုန်၊ အလှကုန်များ၊ လက်မှုအနုပညာပစ္စည်းများနှင့် အဝတ်အထည်ဆိုင်ခန်းပေါင်း ၇၀ ကျော် ပါဝင်မည့် အဆိုပါပွဲတော်ကြီးတွင် ထုတ်ကုန်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ Sponsor များကို ဖိတ်ခေါ်ထားကြောင်း သိရသည်။

TWA

## ထူးခြားသည့် နေ့အပူချိန်များ

(၁၆- ၁၀ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ဘားအံ | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကော့သောင်း | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဘီးလင်း | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဖြူး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မော်လမြိုင် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုဒုံ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြိတ် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၃ ထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံဖြိုချဖျက်ဆီး၊ ကျန်အဆောက်အအုံများကို ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (Online Scam)များ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင်လုံးဝ ပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ တရားမဝင်အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် ၁၃ ထပ် အဆောက်အအုံ တစ်လုံးကို ယမ်းဖြင့် ထပ်မံဖောက်ခွဲ၍ အလုံးစုံဖြိုချဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ဖျက်ဆီးရန်ကျန် အဆောက်အအုံ ၅၉ လုံးကို စနစ်တကျဆက်လက်၍ဖြိုချဖျက်ဆီးသွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ၁၃ ထပ် အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ၁၃ ထပ် အဆောက်အအုံကို ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းဆောင်ရွက်စဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ၁၃ ထပ် အဆောက်အအုံကို စနစ်တကျဖောက်ခွဲဖျက်ဆီးနေစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ၁၃ ထပ် အဆောက်အအုံကို စနစ်တကျဖောက်ခွဲ၍ ဖြိုချဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။

ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ၁၃ ထပ် အဆောက်အအုံ တစ်လုံးကို ယမ်းဖြင့် ထပ်မံဖောက်ခွဲ ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် ငါးထပ် အဆောက်အအုံ နှစ်လုံးကို ယာဉ်ယန္တရားများဖြင့် စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ငါးထပ် အဆောက်အအုံ တစ်လုံးမှာ ဖြိုချဖျက်ဆီးမှု ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ထပ်မံ၍ ငါးထပ် အဆောက်အအုံ တစ်လုံးမှာ ၆၅ ရာခိုင်နှုန်း ဖြိုချ

အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်ထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေး နှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

နေပြည်တော် အောက်တိုဘာ ၁၆

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့်သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက်ပိုမိုရောင်းချခြင်း၊ fake accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# အင်ဒိုနီးရှားနိုင်ငံ အနက်ခရာကရာတောင် မီးတောင် အောက်တိုဘာလအတွင်း အကြိမ်ပေါင်း ၃၁ ကြိမ် ပေါက်ကွဲမှုဖြစ်ပွား



ဂျကာတာ အောက်တိုဘာ ၁၆

အင်ဒိုနီးရှားနိုင်ငံ ဆွန်ဒါရေလက်ကြားအတွင်းရှိ အနက်ခရာကရာတောင် မီးတောင်သည် အောက်တိုဘာ ၅ ရက်မှ ယနေ့ထိ ပေါက်ကွဲမှုအကြိမ်ပေါင်း ၃၁ ကြိမ် ပေါက်ကွဲခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဘူမိဗေဒအေဂျင်စီ၏ ယနေ့သတင်းများအရ သိရသည်။

အဆိုပါမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံ လမ်ပွန်ပြည်နယ် လမ်ပွန်တောင်ပိုင်းခရိုင်အနီး ဆွန်ဒါရေလက်ကြားအတွင်း တည်ရှိပြီး မကြာခဏပေါက်ကွဲမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း မီးတောင် စောင့်ကြည့်ရေးစခန်းမှ ပြောရေးဆိုခွင့်ရှိသူ ဆူဝါနိုက ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိ အနက်ခရာကရာတောင်မီးတောင်၏ လှုပ်ရှားမှုများကို အင်ဒိုနီးရှားနိုင်ငံ မီးတောင်နှင့် ဘူမိဗေဒအန္တရာယ် လျှော့ချရေးဗဟိုဌာနက အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

အဆိုပါမီးတောင် ထပ်မံပေါက်ကွဲနိုင်သဖြင့် ဒေသခံပြည်သူများ၊ ခရီးသွားများနှင့် တောင်တက်သမားအနေဖြင့် မီးတောင်အနီး နှစ်ကီလိုမီတာအတွင်း ဝင်ရောက်ခြင်းမပြုကြရန် ဒေသအာဏာပိုင်များက သတိပေးထားသည့်အပြင် ဆွန်ဒါရေလက်ကြားအတွင်း သွားလာလုပ်ကိုင်နေသည့် ငါးဖမ်းသမားများအနေဖြင့်လည်း မီးတောင်ပေါက်ကွဲပါက အန္တရာယ်ရှိသဖြင့် မီးတောင်လှုပ်ရှားမှုနှင့် ရာသီဥတုဆိုင်ရာ တရားဝင်ထုတ်ပြန်ချက်များကို စောင့်ကြည့်လိုက်နာကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# မက္ကဆီကိုနိုင်ငံ ကမ်းခြေဒေသများတွင် ထရူဒီမုန်တိုင်းတိုက်ခတ်ပြီး မိုးရွာသွန်းသဖြင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား

မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၆

ထရူဒီဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ ကမ်းခြေဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း မက္ကဆီကို မိုးလေဝသညွှန်ကြားရေး ဦးစီးဌာနက ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းသည် အကာပူလ်ကို မြို့ကိုဦးတည်၍ တိုက်ခတ်နေခြင်းဖြစ်ပြီး တစ်နာရီ ၇၅ မိုင်နှုန်းဖြင့် တိုက်ခတ်နေကြောင်း၊ ထရူဒီ ဟာရီကိန်းမုန်တိုင်းပြင်းအားကို ပြင်းအားလယ်ဗယ် အဆင့် (၁) အဖြစ် သတ်မှတ်ထားပြီး လယ်ဗယ်ဆက်လက်မြင့်တက်လာနိုင်ကြောင်း၊ ထရူဒီဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ ပစိဖိတ်သမုဒ္ဒရာ ကမ်းခြေဒေသများဖြစ်သည့် ကိုလီမာပြည်နယ်နှင့် ဂျာလစ်ကိုပြည်နယ်များသို့ ဗဟိုပြု၍ ရွေ့လျားတိုက်ခတ်နေကြောင်း မက္ကဆီကိုမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ထရူဒီဟာရီကိန်းမုန်တိုင်းဟာ အနောက်ဘက်ကမ်းခြေဒေသတွေကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီးတဲ့နောက် မက္ကဆီကိုနိုင်ငံ ပစိဖိတ်သမုဒ္ဒရာ ဒေသတွေကို ဝင်ရောက် တိုက်ခတ်နိုင်ပါတယ်။ မုန်တိုင်းဟာ ကိုလီမာပြည်နယ်နဲ့ ဂျာလစ်ကိုပြည်နယ်ကို ဗဟိုပြုတိုက်ခတ်သွားဖို့ ဦးတည်နေပါတယ်။ မုန်တိုင်းဟာ တစ်နာရီ ၇၅ မိုင်နှုန်းနဲ့ တိုက်ခတ်နေတဲ့အတွက် မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်မှာ အပျက်အစီးတွေရှိနေပါတယ်။ ရေကြီးရေလျှံမှုတွေလဲ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်"ဟု မက္ကဆီကို မိုးလေဝသညွှန်ကြားရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ကနေဒါနိုင်ငံတွင် ၂၀၂၆ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သော နေရာ ၅၄၀၀ ကျော်ထိ ရှိနေ

အော့တဝါ အောက်တိုဘာ ၁၆

ကနေဒါနိုင်ငံတွင် သုတေသီများ၏စစ်တမ်းများအရ ၂၀၂၆ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော နေရာပေါင်း ၅၄၀၀ ကျော်ထိ ရှိနေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုများသည် ကနေဒါနိုင်ငံ အနောက်မြောက်ဘက်ပိုင်း ဒေသများတွင် အများဆုံး လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး နှစ်ကုန်ပိုင်းထိ တောမီးလောင်ကျွမ်းဖွယ် ရှိသည့်အတွက် တောမီး လောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှု ပိုမိုမြင့်မားလာနိုင်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် လက်ရှိကာလထိ သစ်တောမြေဟက်တာ ၄ သန်းမှ ၅ သန်းထိ ပျက်စီးသွားခဲ့ပြီဖြစ်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးဌာနမှ သုတေသီများက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ကနေဒါနိုင်ငံမှာ ၂၀၂၆ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှု ဖြစ်ပွားတဲ့နေရာ ၅၄၀၀ ကျော်ရှိခဲ့ပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုတွေလဲ ရှိခဲ့ပြီးတော့



တောမီးကြောင့် နေရပ်ကိုစွန့်ခွာခဲ့ရတဲ့ ပြည်သူဦးရေ ၃၃၇၅၀ ထိ ရှိခဲ့ပါတယ်။ လာမဲ့နှစ်မှာ အခုလိုမျိုး တောမီးလောင်ကျွမ်းမှုတွေ မဖြစ်စေဖို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး အရှိန်တိုးမြှင့်သွားဖို့ လိုအပ်နေပါတယ်။ ဒါ့ပြင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လာရင်လဲ အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးငြိမ်းသတ်ရေးယာဉ်၊ ယန္တရားတွေ ပိုမိုပြည့်စုံဖို့ လိုအပ်ပါတယ်"ဟု ကနေဒါသဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် လူဦးရေ ၂၇၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

အင်ကာရာ အောက်တိုဘာ ၁၆

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားနေသဖြင့် လူဦးရေ ၂၇၀၀ ကျော်ကို အာဏာပိုင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အစ္စတန်ဘူလ်မြို့တွင် အောက်တိုဘာ ၁၄ ရက်မှ စတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ လမ်းများ၊ နေအိမ်များ၊ စီးပွားရေး အဆောက်အအုံများနှင့် မြေအောက်လမ်းများအတွင်း ရေများ ဝင်ရောက်ခဲ့ကြောင်း၊ ရေစီးသန်မှုကြောင့် မော်တော်ယာဉ်များ မျောပါသွားခြင်း၊ လမ်းများပေါ်တွင် မော်တော်ယာဉ်များ စုပုံပျက်စီးခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အစ္စတန်ဘူလ်မြို့ အုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ ရာသီဥတုဆိုးရွားမှုနှင့် ဆက်စပ်သည့် မြေပြိုမှု ၁၅ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် နေအိမ် ၈၀၈ လုံး၊ စီးပွားရေးအဆောက်အအုံ ၂၈၀ နှင့် မော်တော်ယာဉ် ၇၆ စီး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အစ္စတန်ဘူလ်မြို့တွင် လူသုံးဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

တူကီယဲနိုင်ငံ ပြည်ထဲရေးဝန်ကြီး၏ ပြောကြားချက်အရ ရေကြီးရေလျှံမှု အန္တရာယ်ကြောင့် ကျောင်းများကို ယာယီပိတ်ထားခဲ့ရသည့်အပြင် တချို့လမ်းမကြီးများ၏ ယာဉ်သွားလာမှုကိုလည်း ယာယီကန့်သတ်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ပြင်သစ်နိုင်ငံ အယ်ပိုင်းနယ်မြေရှိ မြစ်ချောင်းများတွင် မြစ်ရေခန်းခြောက်မှု ဖြစ်ပေါ်နေသဖြင့် သောက်သုံးရေကို အကန့်အသတ်ဖြင့် ပေးဝေသွားမည်

ပဲရစ် အောက်တိုဘာ ၁၆

ပြင်သစ်နိုင်ငံ အယ်ပိုင်းနယ်မြေတွင် ရှိသောမြစ်ချောင်းများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မြစ်ရေခန်းခြောက်မှု ဖြစ်ပေါ်နေသဖြင့် သောက်သုံးရေကို အကန့်အသတ်ဖြင့် ပေးဝေသွားမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံ ရေထုအရင်းအမြစ်ဦးစီး ဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အယ်ပိုင်းနယ်မြေရှိ မြစ်ချောင်းများတွင် ရေကျဆင်းမှုဖြစ်ပေါ်နေခြင်းဖြစ်ပြီး သောက်သုံးရေပြတ်လပ်သည့်အဆင့်သို့ ရောက်ရှိသွားမည်ကို စိုးရိမ်သည့်အတွက် အောက်တိုဘာ ၃၀ ရက်ထိ သောက်သုံးရေကို အကန့်အသတ်ဖြင့် ပေးဝေသွားမည်ဖြစ်ကြောင်း၊ အယ်ပိုင်းနယ်မြေတွင် မိုးခေါင်မှုနှင့် မြေအောက်ရေထုအရင်းအမြစ် ခန်းခြောက်မှုကြောင့် မြစ်ရေခန်းခြောက်သည့် မြစ်များအနက် အာဗီမြစ်မှာ မြစ်ရေခန်းခြောက်မှုဆိုးရွားသည့် မြစ်ဖြစ်ကြောင်း၊ သောက်သုံးရေကို ပုံမှန်အတိုင်း ပေးဝေနိုင်ရေးအတွက် စီမံချက်များဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်ခြင်း ရှောင်ကြဉ်နိုင်ရေးအတွက် သောက်သုံးရေကို အကန့်အသတ်ဖြင့်သာ ပေးဝေသွားမည် ဖြစ်ကြောင်း ပြင်သစ်နိုင်ငံ ရေထုအရင်းအမြစ် ဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"အယ်ပိုင်းနယ်မြေမှာ မြစ်ရေကျဆင်းမှု ဖြစ်ပေါ်နေပါတယ်။ မြစ်ရေစီးချိန်တင် ကျဆင်းခဲ့တဲ့ မြစ်ကတော့ အာဗီမြစ်ဖြစ်ပါတယ်။ သောက်သုံးရေ ပုံမှန်အတိုင်း ပေးဝေနိုင်ဖို့အတွက်လဲ စီမံချက်တွေနဲ့ ဆောင်ရွက်နေပါတယ်"ဟု ပြင်သစ်နိုင်ငံ ရေထုအရင်းအမြစ် ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# တစ္ဆေခြောက်တဲ့အိမ်

ကိုမျိုး(ပွင့်ဦး)



( ၁ )

မိုးသက်လေ ခပ်အေးအေးက ငယ့်အခန်းလေးထဲ တိုးဝှေ့လာတယ်။ မိုးနံ့ကလဲ လေပြည်ထဲပါလာတယ်။ ခပ်ဝေးဝေးဆီက အရိပ်အယောင်ပြနေတဲ့ လျှပ်ပန်းလျှပ်နွယ်တို့က ငယ့်ကို ခြောက်လှန့်စပြုသလိုလို။

အခုလို မိုးတွေရွာပြီး လျှပ်တဝင်းဝင်းနဲ့ လေပြင်းတွေက တဝေါဝေါတိုက်နေတဲ့အခါဆို ငယ်သိပ်ကြောက်တယ်။ ငယ့်မှာ နေစရာမရှိဘူး။ ခြေဆုံးခေါင်းဆုံး စောင်ကိုလုံနေအောင်ခြုံထားတော့တာပဲ။ အကြောက်ဆုံးက လျှပ်လက်လိုက်တဲ့အချိန်မှာ အရာအားလုံး ထင်းခနဲမြင်လိုက်ရပြီး အဲဒီအချိန်ခဏလေးအတွင်းမှာ တစ္ဆေတစ်ကောင်ကို တွေ့လိုက်ရမှာစိုးတဲ့စိတ်က ငယ့်အသိထဲမှာ နေရာယူထားတာလေ။

ငယ့်အိမ်နဲ့ ခပ်လှမ်းလှမ်းကိုကြည့်လိုက်ရင် အသုံးမပြုတော့တဲ့ နှစ်ဆောင်ပြိုင်အိမ်အိုကြီးတစ်လုံးက ထီးထီးကြီး။ အရင်ကတော့ အိမ်ကြီးဟာ လှပတင့်တယ်မှာသေချာတယ်။ ကာထားတဲ့ ပျဉ်တွေကလဲ ရေနံချေးဝပြီး ပိုးမစား၊ ခြံမကိုက် ရာသီဥတုဒဏ်ကိုလဲ ကောင်းကောင်းခံတော့ ယိုယွင်းပျက်စီးမှုသိပ်မရှိသေးဘူး။

ချုံနွယ်ပိတ်ပေါင်းများကတော့ ခြံဝင်းတစ်ခုလုံးအပြည့်ဖြစ်နေတယ်။ အဲဒီချုံနွယ်တွေကို တိုးပြီးသွားထားတဲ့လမ်းလိုလိုအရာလေးက ခပ်မှေးမှေးလေးပေါ်နေသယောင်။ ငယ့်အမြင်ကတော့ သရဲတစ်ကောင်သွားထားတဲ့လမ်းလို့ ထင်မိတယ်။ ငယ်တစ်ယောက်ထဲမဟုတ်ပါဘူး။ ငယ့် သူငယ်ချင်း အောင်အောင်တို့၊ အေးမူတို့ဆိုလဲ အဲဒီလိုထင်ကြေးပေးကြတာပါ။

"ဟဲ့ ငယ်ငယ် နင်မကြောက်ဘူးလား။ လမိုက်ညတွေဆို ဒီအိမ်ကြီးမှာနေတဲ့ မကောင်းဆိုးဝါးတွေထွက်တယ်တဲ့။ တို့အိမ်ဘေးက ဦးလေးမောင်ကလဲ လွန်ခဲ့တဲ့လကွယ်ညတုန်းက နွားလွတ်သွားတာလိုက်ဖမ်းရင်း အဲဒီအိမ်ကြီးနားရောက်သွားတော့ အသံတွေကြားရတယ်ပြောတယ်။ ငါတော့ ဦးလေးမောင်ပြောကတည်းက နည်းနည်းမှောင်တာနဲ့ အိမ်ကြီးနားကို မသွားရဲဘူး။ ငယ်ငယ် နင်ဆို ပိုကြောက်မှာပဲနော်။ ခြံချင်းလဲ ကပ်လျက်။ လှမ်းကြည့်ရင်တောင် မြင်နေရတာ။ ပြောရင်းကြက်သီးထလာပြီ"

အေးမူစကားကြောင့် ငယ့်စိတ်ထဲမှာ ပိုပြီးကြောက်မိသွားတယ်။ မျက်လုံးထဲမှာလဲ အိမ်ကြီးရဲ့ ပုံစံကိုပြေးမြင်မိတာပေ့ါ။ အိမ်ကြီးထဲမှာနေတဲ့ မကောင်းဆိုးဝါးတွေရဲ့ပုံသဏ္ဍာန်ကိုလဲ ပုံဖော်ကြည့်မိတယ်။

ဒါကလဲ ငယ် သိတတ်စအရွယ်ကတည်းက အိမ်ကြီးရဲ့ ခြောက်ချားဖွယ်ပါ။ ငယ့်အသက်ကအခုမှ အလွန်ဆုံး ၁၂ နှစ်။ ဒီကိစ္စတွေအကြောင်း မေမေ့ကိုလဲ ပြောပြဖူးတယ်။ မေမေကတော့ ဘာမှပြန်မပြောရှာဘူး။ သူ့အလုပ်ကိုပဲ လုပ်မြဲလုပ်ရင်း နားထောင်နေခဲ့တာ။

"အဲဒီအိမ်ဘက်မသွားနဲ့။ ခြေခင်းလက်ခင်းကလဲ မသာဘူး"

ဖေ့ဖေ့ရဲ့ တုံးတိတိစကားကြောင့် ငယ့်ခေါင်းလေးပုပြီး ပြန်ငြိမ်နေလိုက်ရတယ်။ ဖေဖေကသာ တားမြစ်တာပါ။ ငယ်ကတော့ သွားဖို့မပြောနဲ့ အိမ်ကြီးနဲ့ ပတ်သက်လို့ စိတ်ကူးတောင် ကောင်းကောင်းမယဉ်ရဲပါဘူး။

ရွာထဲရပ်ထဲမှာ နာရေးရှိတဲ့နေ့တွေဆို နည်းနည်းလေးမှောင်တာနဲ့ အပြင်မထွက်တော့ဘူး။ အစောကြီးထမင်းစားသောက်ပြီး အိပ်တော့တာပဲ။ အမေလဲ ငယ့်လိုပါပဲ။ အိပ်ရာဝင်စောတယ်။ ဖေဖေကတော့ သိပ်ပြီးအကြောက်မရှိဘူး။ ရွာထဲသွားတာပဲ။ ပြောစရာရှိပြော၊ လုပ်စရာရှိလုပ်ပြီးမှ ပြန်လာတတ်တာ။ တစ်ခါတလေဆို သန်းခေါင်ယံချိန်မှ ပြန်လာတယ် ပြောတာပဲ။ တစ်ခါတစ်ခါဆို အဲဒီထက် နောက်ကျတယ်တဲ့။

ငယ်ကတော့ ဖေဖေပြန်လာတာဘယ်သိလိမ့်မလဲ။ အိပ်မောကျနေတာပေ့ါ။ နောက်ရက်မှ အိမ်ပြန်နောက်ကျတဲ့ဖေဖေ့ကို မေမေက ဗျစ်တောက်ဗျစ်တောက်လုပ်လို့သိရတာပါ။ အဲဒီအခါမှ မေမေကြောက်နေမယ်ဆိုတာ ငယ် တွေးမိတာ။

ဒါပေမဲ့ အောင်အောင်နဲ့ အေးမူတို့ငြင်းခုံနေတုန်းက ငယ် ကြားခဲ့ရတယ်။ မကောင်းဆိုးဝါး နာနာဘာဝတွေ အကြောင်းပေ့ါ။

"သရဲဆိုတာ ဘုန်းကံနိမ့်တဲ့သူကိုပဲ ခြောက်လှန့်လို့ရတာ။ ဘုန်းကံကြီးရင် ခြောက်လှန့်လို့မရဘူးတဲ့"

"ဘာလို့မရတာလဲ။ သူတို့က တန်ခိုးရှိတယ်။ ပုတ်သင်ညိုလို၊ အိမ်မြှောင်လို ကိုယ်လုံးသေးသေးလေးထိ လုပ်လို့ရတာ၊ ကိုယ်ယောင်လဲဖျောက်ထားလို့ရတယ်။ ငါတို့က သူတို့လိုမှ တန်ခိုးမရှိတာ ခြောက်လို့ ရတာပေ့ါ"

"မရဘူး၊ မရဘူး၊ ငါတို့ ဘဘဘုန်းဘုန်းက ပြောတယ်။ ဘုရားတရားကို လေးလေးမြတ်မြတ် ဆည်းကပ်ပူဇော်တာ၊ ဘုရားရှိခိုးတာ၊ ကုသိုလ်ကောင်းမှုလုပ်တာ၊ ပြီးတော့ သီလလုံအောင်ထိန်းတဲ့သူဆိုရင် ဘုန်းကံကြီးပြီး မကောင်းဆိုးဝါးတွေက အနားကိုမကပ်ရဲဘူးတဲ့"

အောင်အောင်ပြောသလိုဆို မေမေ့အတွက် သိပ်ပြီးစိတ်မပူပါဘူး။ ဟုတ်တယ်လေ မေမေက ကောင်းမှုကုသိုလ်ပြုတယ်။ တရားထိုင်တယ်။ ငါးပါးသီလလုံတယ်လေ။ မေမေက ဘုန်းကြီးတယ်။ အဲဒီတော့ ဘယ်သရဲ၊ တစ္ဆေတွေကခြောက်ရဲမှာလဲ။

"ဟဲ့သမီး တံခါးတွေပိတ်ပြီးအိပ်လေ။ မိုးတွေ၊ လေတွေလာပြီ။ နင့်အဖေကလဲ မိုးနဲ့လေနဲ့ကို ရွာထဲသွားပြီး ဘာလုပ်သလဲမသိဘူး။ ပြောရဆိုရခက်ပါတယ်"

မေမေ့အသိပေးသံကြောင့် ငယ့် အတွေးတွေ လွင့်ပျောက်သွားတယ်။ ခြုံထားတဲ့စောင်ကို အသာလေးခွာချပြီး အခန်းတံခါးဆီလှမ်းနေတဲ့ခြေလှမ်းတွေက ကြောက်ရွံ့မှုအပြည့်။ အမှောင်ထုထဲက နှစ်ဆောင်ပြိုင်အိမ်အိုကြီးကို လှမ်းကြည့်မိတော့ ချောက်ချားဖွယ်အတိ။ တံခါးကို မြန်မြန်ပိတ်ပြီး အိပ်ရာပေါ်ပြန်တက်ခဲ့ရတယ်။

ခဏကြာတော့ ငယ် သိပ်ချစ်တဲ့ ကြောင်ဖြူမကလေးက အိပ်ရာထဲတိုးဝင်လာလို့ ငယ် ကြောက်စိတ်တွေပြေလျော့ရတာအမှန်ပဲ။ ငယ်ကြောက်နေတဲ့အခါ ကြောင်ကလေးက အဖော်အဖြစ်ရှိနေပေးတယ်။ ကြောင်ကလေးပျင်းနေတဲ့အခါ ငယ်က ကစားဖော်အဖြစ်ပြန်လုပ်ပေးရတာပေ့ါ။ ငယ်နဲ့ ကြောင်ကလေးကြားမှာလဲ ဖြူစင်တဲ့မေတ္တာကြိုးလေးတွေနဲ့ ချည်နှောင်ထားမှန်းမသိ ချည်နှောင်ထားခဲ့ကြတယ်လေ။

( ၂ )

ငယ် ကျောင်းကပြန်ရောက်တော့ မေမေ့ကိုဝိုင်းကူလုပ်ကိုင်ပေးပြီး မေမေ့ခွင့်ပြုချက်နဲ့ပဲ အေးမူတို့အိမ်ကိုသွားဖြစ်တယ်။ အကြောင်းကိစ္စတော့ မရှိပါဘူး။ ဒီလိုပဲ အလည်သွားသလိုပါ။ ခဏကြာတော့ အောင်အောင်လဲ ရောက်လာတယ်။ သူငယ်ချင်းသုံးယောက် ခေါင်းချင်းဆိုင်ပြီး ကျောင်းကပါလာတဲ့ သင်ခန်းစာတွေအကြောင်း ပြောဖြစ်တယ်။

ပြီးတော့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြဆိုကြ၊ ရယ်ကြမောကြ။ အဲဒီအထဲမှာ တစ္ဆေခြောက်တဲ့ အိမ်ကြီးအကြောင်းလဲပါတယ်။

"ဟဲ့ကောင်မကလေးတွေ နင်တို့မကြောက်ဘူးလား။ အဲဒီအိမ်ကြီးက သိပ်ခြောက်တာ။ အမယ်လေး ဟယ် ပြောရင်းကြက်သီးတောင်ထတယ်။ အဲဒီအိမ်ကြီးထဲဝင်သွားတဲ့ ခွေးတွေ၊ ကြောင်တွေဆို ဒဏ်ရာတွေနဲ့ သွေးတစ်စက်စက်ကျပြီး ပြန်လာတာ"

မမဆွေစကားကိုကြားတော့ ငယ်တို့သုံးယောက်လုံး ကြက်သေ သေသွားသလိုပဲ။ ပါးစပ်အဟောင်းသားဖြစ်ရတယ်။ မမဆွေကတော့ ငယ်တို့ကိုကြည့်နေတာပေ့ါ။ ခဏကြာတော့ အေးမူက တစ်ခုခုကို သတိရဟန်နဲ့ –

"အယ် ဟုတ်တယ် ဟုတ်တယ်။ နောက်နားကဟိုဘက်အိမ်မှာ မွေးထားတဲ့ ဘိုဖြူလေ။ အဲဒီခြံထဲက ထွက်လာတာ ခေါင်းမှာလဲ ဒဏ်ရာကြီးနဲ့ သိပ်မကြာပါဘူးသေသွားတယ်။ ဖိုးထွေးဆိုရင် သူ့ခွေးကလေး သေလို့ ငိုနေတာ မနည်းချော့ရတယ်"

"အေး အဲဒါကြောင့် နင်တို့ကို အဲဒီဘက်မသွားနဲ့လို့ပြောတာ"

မမဆွေရဲ့တားမြစ်ခြင်းကို ငယ်တို့အားလုံး ခေါင်းညိတ်ပြီး အသိအမှတ်ပြုလိုက်မိတယ်။ မမဆွေဆိုတာကလဲ ငယ်တို့ကို မဖြစ်သင့်တာမဖြစ်ရအောင် ဆုံးမတာမဟုတ်လား။

မမဆွေကို လူတိုင်းချစ်ခင်ကြတယ်။ လေးစားကြတယ်။ လေးစားတယ်ဆိုတာကလဲ မမဆွေက တစ်ကိုယ်တည်းအပျိုကြီး။ ငွေရေးကြေးရေးအခက်အခဲဖြစ်လို့ အကူအညီတောင်းတဲ့အခါ မျက်နှာလွှဲခဲပစ်မလုပ်ဘူး။ အတိုးယူသင့်ရင် ယူတယ်။ မယူသင့်ရင် မယူဘူး။ အလွတ်ချေးငှားတတ်သူ။ အဲဒါကြောင့်လဲ မမဆွေကို ချစ်ခင်လေးစားကြတာ မဆန်းဘူး။ မမဆွေအနားကို ကပ်ချင်ကြတဲ့ကျားတွေကလဲ အပုံအပင်ပါပဲ။ မမဆွေကတော့ ဘယ်သူ့ကိုမှ မရွေးချယ်ဘူး။ တချို့ကဆို–

"မဆွေက တစ်ကိုယ်တည်း အရိုးထုတ်တော့မှာ" လို့ သုံးသပ်ကြတာပေ့ါ။ ဘယ်သူတွေ ဘာပြောပြော မမဆွေကတော့ ဘယ်ဘက်နားကဝင် ညာဘက်နားက ထွက်သွားသလို ဘာသိဘာသာနေခဲ့တာပါပဲ။

( ၃ )

လမိုက်ည တစ်ည။ လမိုက်တယ်ဆိုတာထက် ပြိုတော့မယောင် မိုးသားတွေကြောင့် ကြယ်ရောင်တစ်စွန်းတစ်စကလေးပင်မရှိ။ အမှောင်ထုထည်က သိပ်သည်းနေတယ်။ လျှပ်ပန်းလျှပ်နွယ်တွေကလဲ အခက်လိုက် အခိုင်လိုက်။ ဝင်းခနဲလက်ခနဲ။ ထူးထူးခြားခြားပါပဲ။ အဲဒီမြင်ကွင်းတွေက ငယ့်ကို ကြောက်လန့်အောင် မပြုနိုင်။ နေဝင်ရီတရော ထမင်းဝိုင်းလေးအပြီးမှာ ဖေဖေနဲ့မေမေ ရန်ဖြစ်ကြလို့ ငယ့်ရဲ့ ကြောက်စိတ်က ပျက်စီးနေခဲ့သလားမသိဘူး။

မိုးချုန်းသံတွေက အပြိုင်ပြိုင်။ မိုးသက်လေက ခပ်ပြင်းပြင်း ရိုက်ခတ်နေတယ်။ အထီးကျန် စိတ်ဝေဒနာရှင်တစ်ယောက်အတွက် ကြောက်မက်ဖွယ်တဒင်္ဂမြင်ကွင်း။ ဒါပေမဲ့ ငယ့်စိတ်ထဲမှာ လုံးဝကြောက်မနေခဲ့ဘူး။ ဖေဖေနဲ့မေမေတို့ရဲ့ ရန်ပွဲတွေနဲ့ဝေးရာကို ပြေးထွက်သွားချင်နေခဲ့တယ်။ လွတ်မြောက်မှုကို မက်မောတောင့်တမိတာအမှန်။

"ဒုန်း"

မိုးသက်လေအပင့်မှာ ငယ့် အခန်းရဲ့ ပြတင်းတံခါးတစ်ဖက် တစ်ဟုန်ထိုးပိတ်သွားတယ်။

စာမျက်နှာ ၂၉ သို့ á

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၆၀၉၂၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ကန့်ဘလူ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၆၀၉၂၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၂၄၁၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၀၉၂၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၉ ဒသမ ၄၅ တင်းထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၆၂၄၁၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ ၆၀၉၂၃ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၂၈ မှအဆက်

တစ်ချိန်တည်း လက်လိုက်တဲ့ လျှပ်ရောင်အောက်က မြင်ကွင်းကြောင့် ထိတ်ထိတ်လန့်လန့်ဖြစ်သွားသလို ရင်ထဲမှာ နင့်ခနဲဖြစ်သွားတယ်။ ဟုတ်တယ်။ ငယ်သိပ်ချစ်ရတဲ့ကြောင်ကလေးက တစ်ဖက်ခြံထဲ ဝင်သွားတာတွေ့လိုက်ရလို့ပဲ။

တစ်ဆက်တည်း ငယ့် အတွေးထဲကို ရောက်လာတာက အေးမူပြောတဲ့စကား။ ဖိုးထွေးရဲ့ခွေးလေး အဲဒီအိမ်ထဲက ဒဏ်ရာတွေနဲ့ ထွက်လာတယ်ဆိုတာ။ ငယ့် ကြောင်ကလေးကို အဲဒီလိုအဖြစ်မခံနိုင်။ ငယ်တားဆီးရမယ်။ ငယ် ကိုယ်တိုင်ကယ်တင်ရမယ်။

အခန်းထဲက သွက်လက်တဲ့လှုပ်ရှားမှုတွေနဲ့ အောက်ကိုဆင်းခဲ့တယ်။ ရင်ထဲမှာ ဆူညံတဲ့အသံလှိုင်းတွေက မမှန်။ လျှပ်ရောင်ကို အားပြုပြီး ကြောင်ကလေးဝင်သွားတဲ့ လမ်းကြောင်းကို ခန့်မှန်းကာ ချုံနွယ်တွေကို တိုးဝင်လိုက်တယ်။ ချောက်ချားထိတ်လန့်ဖွယ်အတိ။ ဒါပေမဲ့ ငယ့်စိတ်ထဲမှာတော့ ကြောက်စိတ်ဆိုတာမရှိ။ ကြောင်ကလေးအတွက်စိုးရိမ်နေခြင်းသာ ဦးစားပေးခံစားမှုဖြစ်နေတယ်။

တစ်လှမ်းချင်း တိုးရင်းတိုးရင်း အိမ်ကြီးအနားကိုရောက်လာတယ်။ ကြောင်ကလေးရဲ့အရိပ်အယောင်မတွေ့တော့ ငယ့် ရင်ခုန်သံတွေက မြန်သည်ထက်မြန်လာသလိုပဲ။ အဲဒီနောက် ငယ့် အကြားအာရုံထဲကို အသံတစ်ခုတိုးဝင်လာပြန်တယ်။ အဲဒီအသံက ငယ့်ကို ကြောက်လာစေပြန်တယ်။

အိမ်တိုင်ဘေးကပ်လျက်က ကျိုးပဲ့နေတဲ့ ပျဉ်ပေါက်ကနေ ချောင်းကြည့်လိုက်မိတယ်။ အုတ်ခဲတွေကိုထောင်ပြီး မီးအိမ်ပုံလုပ်ထားတဲ့ အထဲမှာ ဖယောင်းတိုင်မီးလေးက လင်းနေရှာတယ်။ အုတ်ခဲနဲ့ကာထားတယ်။ အပေါ်က အုတ်ခဲနဲ့ပြန်ပိတ်ထားတယ်။ အဲဒါကြောင့် အလင်းရောင်က ဘယ်ကိုမှမပျံ့ဘူး။ အနီးနားကိုပဲ မြင်ရလောက်အောင် ဖန်တီးထားသလိုမျိုးပေ့ါ။

ဖယောင်းတိုင်မီးရဲ့အကူအညီနဲ့ပဲ ကြောင်ကလေးကို မြင်ရတယ်။ ရင်ထဲက အပူလုံးကလဲကျသွားရတာပေ့ါ။ ဒီအိမ်ကြီးထဲမှာ ဘယ်သူကလာပြီး မီးထွန်းထားသလဲဆိုတာတောင်မတွေးမိဘူး။

"အစ်ကို ဆွေ့ကို အဲဒီအုတ်ခဲပေး"

"ဘာလုပ်မလို့လဲ"

"ပေးပါ အစ်ကိုရဲ့"

ငယ်နဲ့ သိပ်ရင်းနှီးလွန်းတဲ့ အသံတွေကြောင့် ပိုပြီးစိတ်ဝင်တစားဖြစ်မိတယ်။ တစ်ချိန်တည်းမှာပဲ–

"ဂီ"ဆိုတဲ့အသံကြားလိုက်ရတယ်။ ပြီးတော့ သွေးရူးသွေးတန်းနဲ့ ပြေးသွားတဲ့ ကြောင်ကလေးကိုတွေ့ရတယ်။

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် အမြင်အာရုံတွေဝေဝါးလာတယ်။ မျက်လုံးထဲမှာလဲ ဘယ်ကရောက်လာမှန်းမသိတဲ့ မျက်ရည်တွေပြည့်လာတယ်။ အဲဒီနောက် ငယ့် ခြေလှမ်းတွေက အိမ်အိုကြီးနဲ့ဝေးရာကို ဦးတည်လာခဲ့ပြီ။ ကောင်းကင်မှာ မိုးတွေညိုမည်းလျက်။ တချို့က မိုးစက်အဖြစ် ပြိုဆင်းလာကြတယ်။

လျှပ်ရောင်တဝင်းဝင်းအောက်မှာတော့ နှစ်ဆောင်ပြိုင်အိမ်အိုကြီးက ထီးထီးကြီး။ လာသမျှကို ခြောက်လှန့်ဖို့ ဟန်ပြင်နေသလိုလို ထင်ရတယ်။

(၄)

"သမီး အဲဒီကြောင်က ဘာဖြစ်လာတာလဲ"

နောက်ရက်မနက်မှာ ခေါင်းတစ်ခြမ်းလုံး သွေးအလူးလူးနဲ့ သေနေတဲ့ကြောင်ကလေးကိုကြည့်ပြီး ဖေဖေကမေးတယ်။

ဖေဖေ့စကားက ငယ့်နှလုံးသားကို အပ်ချွန်ချွန်နဲ့ ထိုးဆွလိုက်သလိုပဲ။ အဲဒါကြောင့် အောက်နှုတ်ခမ်းကို တင်းနေအောင်ကိုက်ရင်း မျက်ရည်တွေ ဝေနေတဲ့မျက်လုံးနဲ့ကြည့်မိတယ်။ မမဆွေဆိုတဲ့ အပျိုကြီးကိုလဲ ငယ်သိပ်မုန်းတယ်။ ပြီးတော့ အုတ်ခဲယူပေးခဲ့တဲ့ ဖေဖေ့ကိုလဲ မုန်းတယ်။ ငယ်သိပ်ချစ်တဲ့ကြောင်ကလေးကတော့ ဖိုးထွေးရဲ့ခွေးလေးလိုပဲ ငယ့်ကိုထာဝရထားရစ်ခဲ့ပြီ။

ဖေဖေ့ကို ငယ်ဘာမှပြန်မပြောခဲ့ဘူး။ ငယ်အခန်းထဲဝင်ပြီး တစ်ယောက်ထဲငိုနေခဲ့တယ်။ ထမင်းလဲမစားဖြစ်ဘူး။ ညဘက်ရောက်တဲ့အထိပေ့ါ။

"ဟဲ့သမီး မိုးတွေလေတွေလာတယ်။ တံခါးတွေသေချာပိတ်စမ်း"

"ဟုတ်"

ဒေါသသံပါနေတဲ့ မေမေ့ရဲ့စေခိုင်းခြင်းကို "ဟုတ်"လို့ဖြေလိုက်မိပေမဲ့ တံခါးကိုတော့မပိတ်လိုက်ဘူး။ ဖေဖေနဲ့မေမေ ရန်ဖြစ်စကားများပြီး ဖေဖေရွာထဲထွက်သွားခဲ့ပြီ။ သိပ်မကြာခင် မိုးသက်လေနဲ့အတူ မိုးစက်ရိုင်းတွေပြေးဆင်းလာကြတော့မှာ။ အဲဒီနောက် ဖိုးထွေးရဲ့ခွေးလေးလို၊ ငယ့်ကြောင်လေးလို တစ်ဦးတစ်ယောက်ရဲ့အိမ်မွေးတိရစ္ဆာန်ကလေးတွေ မျက်ကန်းတစ္ဆေတစ်ကောင်ရဲ့ တိုက်ခိုက်ခြင်း မခံရအောင် ဆုတောင်းပေးရပါအုံးမယ်။

ငယ်တွေးနေတုန်း မိုးစက်တွေကျလာတယ်။ ကျယ်လောင်တဲ့ အသံတွေကလဲ စူးရှလျက်။ မိုးသက်လေ ခပ်အေးအေးက ငယ့် အခန်းထဲပြေးဝင်လာတယ်။ ဒီအချိန်ဆို မေမေလဲတစ်ယောက်ထဲ ကြောက်နေမယ်ထင်တယ်။ အဲဒီလိုတွေးမိတော့ ငယ့်မျက်ဝန်းထဲမှာ မျက်ရည်တွေပြည့်လာတယ်။ ပြီးတော့ မိုးစက်တွေနဲ့အတူ ပြိုဆင်းသွားခဲ့တယ်။

ပြတင်းတံခါးထဲက လှမ်းမြင်နေရတဲ့ အိမ်အိုကြီးကတော့ တိတ်ဆိတ်လျက်။ လျှပ်ရောင်တလက်လက်ကြားမှာ ခြောက်လှန့်ဖို့ ပြင်နေတဲ့အိမ်ကြီးကို ငယ်သိပ်ကြောက်နေမိတယ်။ အထူးသဖြင့် ကြောင်ကလေးကိုလိုက်ရှာတဲ့ညက မြင်ကွင်းကို မြင်ယောင်မိတဲ့အခါ အရင်ကထက် ပိုကြောက်လာမိတယ်။

တစ္ဆေခြောက်တဲ့အိမ်ကြီးကို ကြောက်မိတာလား၊ ခြောက်လှန့်တတ်တဲ့ မျက်ကန်းတစ္ဆေတွေကိုကြောက်မိတာလားဆိုတာကို ငယ်ဝေခွဲမရဖြစ်နေပါတော့တယ်။

## ကိုယ့်ဂုဏ်မြှင့်လျက် မြင့်မြတ်စေ

\- ဘဝကို ရိုးသားခြင်းနဲ့
ဖြတ်သန်းရင်း လမ်းကောင်းထွင်၊
စိတ်ကောင်းယှဉ် မြင့်မြင့်မား
နိုးကြားစွာလျှင်၊
သတိကပ် အသိယှဉ်
နှိုင်းဆင်ခြင် နှလုံးသွင်း၊
ကြောင်းကျိုးညီ အားထုတ်လှမ်းပါမှ
လမ်းဖြောင့် ဘေးကင်း။

\- ဘဝတာ ပန်းတိုင်လမ်းသို့
ရေးရှုမှန်း လှမ်းစဉ်ဝယ်၊
ခွဲသန်သန် မရွံ့မကြောက်နဲ့
လျှောက်ဖို့လိုမယ်၊
အားငယ်ခြင်း ရှောင်ကြဉ်ဖယ်
အခက်အခဲရယ် ကြုံဆုံမလွဲ၊
စိုးထိတ်ရာ ပယ်ဖျောက်ရှင်းလို့
လှမ်းနင်း ဝံ့ရဲ။

\- ဘဝဟူ မျှော်လင့်ချက်နဲ့
ရွက်လွှင့်ရင်း ခွင့်ကောင်းရှာ၊
အမှားအမှန် အကောင်းအဆိုး
ကြောင်းကျိုး ယှဉ်ကာ၊
အားနည်းမှုတို့ ကြုံတတ်စွာ
အားသာရာလည်း ဆုံတတ်ငြား၊
ဘဝရေးယှဉ်
ဓမ္မအတွေး ဆင်ခြင်ကာဖြင့်
အားသစ်ဆင် ကိုယ့်ဂုဏ်မြှင့်လျက်
ရင့်ကျက်စွာ မားမားရပ်
မြင့်မြတ်စေသား။ ။

ခိုင်ခိုင်နွယ်(ပညာရေး)

# စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်များ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၀ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခြင်ပြစ်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၀ ဒသမ ၈ သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

ကိုညို

# အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်



















# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၄၀၁၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၄၀၁၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၃၆၅၃ ဧက၊ ဝန်းသိုမြို့နယ်တွင် ဧက ၄၀ နှင့် ပင်လည်ဘူးမြို့နယ်တွင် ၃၂၃ ဧက စုစုပေါင်း ၄၀၁၆ ဧကတို့ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ စတုတ္ထ ပတ်မှစတင်၍ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ ကောလင်းခရိုင်မှာ မတ်ပဲ ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ မတ်ပဲ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့ စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေ ဆောင်ရွက်သွားပါမယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်းကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။ (၂၀၆)

ထာဝရလှပသောအပြုံးအတွက်

DENTOMEC



Dentist Recommended

FDA အမှတ်-2212 PCE 0013

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၆၉၅၀၉၆၉၄၃၊ ၀၉ ၇၉၀၉၀၃၄၃၁
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မရ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ နှင့် MOUNT PLEASANT COFFEE



ပင်ရင်းအရောင်းဌာန
ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မရ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈၂)ရပ်ကွက်၊ အကွက်အမှတ်(လလ/၁၆)၊ ဦးပိုင်အမှတ်(၃၃ + ၃၄)၊ ဧရိယာ(၀.၀၅၅၁ + ၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒုတကစောထွန်း(၁၂/ရကန(နိုင်)၀၀၈၁၁၅)၊ ဦးငွေသိန်း(၁၀/မလမ(နိုင်)၁၁၄၉၉၇)တို့၏ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရီရီမြင့် (ဘ) ဦးကျော်ရှိန်(၅/ဟမလ(နိုင်)၀၅၅၇၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ
ဦးစိုးမိုးအောင်(LL.B)
(စဥ်-၁၃၀၀၂)တရားလွှတ်တော်ရှေ့နေ
လက်ရွေးရပ်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။
09-797433084

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အကွက်(၆၁၄)၊ ဟေမာဇလနေ ဒေါ်ရွှေရင် (ဘ) ဦးကျောင်းရွက်(၉/မရမ(နိုင်)၀၅၂၅၁၂)၏ နိုင်ငံကူးလက်မှတ် အမှတ်(MB-356061)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-965453196

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇီးအုပ်အပိုင်း(၁)နေ မမြတ်သန္တာ (ဘ) ဦးကျော်မိုးအောင်(၁၂/လသယ(နိုင်)၀၈၄၀၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-273823)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-666547835

## ပျောက်ဆုံးကြောင်း

မုဒုံမြို့၊ ညောင်ကုန်းကျေးရွာနေ
မအိန္ဒြာကျော်
(ဘ) ဦးသိန်းအောင်
(၁၀/မဒတ(နိုင်)၂၅၁၃၉၃)၏
နိုင်ငံကူးလက်မှတ်အမှတ်
(MF-886391)မှာ
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
09-255703477

## အဖိုးတန်ရေချိုကို ချွေတာပါ

## စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံ ခွဲစိတ်ကုသရေးအထူးအစီအစဉ်(၁/၂၀၂၆)

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ရန်ကုန်မြို့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဦးဝင်းမြင့်အဖွဲ့နှင့် ဆေးရုံဝန်ထမ်းများပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ (၂)ရက်နေ့မှ (၅)ရက်နေ့အထိ အောက်ဖော်ပြပါရောဂါများကို စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ် ကုသပေးပါမည်။

၁။ သည်းခြေအိတ်ကျောက်တည်ခြင်းရောဂါ(Gall Stone)
(ဝမ်းဗိုက်တွင်းခွဲစိတ်မှန်ပြောင်းစက် Laparoscope ဖြင့် ကုသပေးပါမည်။)
၂။ အူကျရောဂါ(Hernia)
၃။ လည်ပင်းကြီးရောဂါ(Goitre)
၄။ မုတ္တရောဂါ(Hydrocele)
၅။ ဂရင်ဂျီနာ(F.I.A)
၆။ လိပ်ခေါင်းရောဂါ(Piles)

ကုသမှုခံယူလိုသော လူနာများသည် ကြိုတင် စမ်းသပ်/စစ်ဆေးရန် လိုအပ်ပါသောကြောင့် ဆေးရုံဝန်ထမ်းများမှ ကြိုတင်စမ်းသပ်/စစ်ဆေးပြီး ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် ဆက်လက်ကုသနိုင်ရန် ရက်ချိန်းပေးပါမည်။

**ကြိုတင် စမ်းသပ်/စစ်ဆေးပေးမည် အစီအစဉ်**

နေ့ရက် - (၁၅-၁၀-၂၀၂၆) မှ (၁-၁၂-၂၀၂၆)ရက်နေ့အထိ
အချိန် - နံနက် (၈)နာရီမှ (၁၂)နာရီ၊ နေ့လယ် (၂)နာရီမှ ညနေ (၄)နာရီအထိ

မိမိတို့၏ ဆေးမှတ်တမ်းများနှင့် ယခုသောက်နေသောဆေးများရှိပါက ယူဆောင်လာခဲ့ပါ။

သွေးကျဲဆေးသောက်နေသော လူနာများကို (၁၈-၁၁-၂၀၂၆)ရက်နေ့အထိသာ ကြိုတင် စမ်းသပ်/စစ်ဆေးပေးပါမည်။

**ကုသမှုအစီအစဉ်ကို သိရှိလိုပါက ဆေးရုံဖုန်း ၀၉-၉၁၀၄၃၇၃၇၊ ၀၉-၄၅၀၂၀၀၇၃၇၊ ၀၉-၄၅၀၂၀၀၇၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

ဆေးရုံကြီးကြပ်စောင့်ရှောက်ရေးအဖွဲ့

## သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက် ကိုစိုး

**ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ် -၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ အမျိုးသားတံခွန်စိုက်ဆုဖလားကို ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသမီးတံခွန်စိုက်ဆုဖလားကို ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ စုပေါင်းတံခွန်စိုက်ဆုဖလားကို ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့က အသီးသီးဆွတ်ခူး



**နေပြည်တော် အောက်တိုဘာ ၁၆**

အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ပြေးခုန်ပစ်အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ စတုတ္ထနေ့ လူရွေးပွဲ၊ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပခဲ့သည်။

ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်မှစတင်၍ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး မာရသွန်၊ မီတာ ၁၀၀၊ မီတာ ၁၅၀၀၊ မီတာ ၄၀၀ တန်းကျော်ပြေး၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း (Mixed)၊ တန်းမြင့်ခုန်၊ သုံးဆင့်ခုန်၊ လှံတံပစ်ပြိုင်ပွဲ နောက်ဆုံးလူရွေးပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် မာရသွန်ပြိုင်ပွဲတွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော စစ်သည်များ ပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန် အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ် သွားရောက်ကြမည်ဖြစ်ရာ

စာမျက်နှာ ၂၄ ကော်လံ ၁ ❖



၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာကြစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများကို လုပ်ငန်းသုံး ဆက်စပ်ပစ္စည်း များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်အစိုးရအနေဖြင့် လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်ခြင်းများကို တားဆီးကာကွယ်ခြင်းနှင့် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်

စာမျက်နှာ ၂၅ ကော်လံ ၁ ❋

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ်လက်ဝှေ့အားကစားသမားများပေါ်ထွက်လာစေရေးနှင့် လက်ဝှေ့အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၂၃ ရက်ထိ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံ အားကစားရုံ၌

စာမျက်နှာ ၂၄ ကော်လံ ၁ ●



# တာချီလိတ်မြို့တွင် ငွေကျပ် ခုနစ်ဘီလီယံကျော်တန်ဖိုး၊ မြိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ တန်ဖိုး၊ တောင်ကြီးမြို့တွင် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

တာချီလိတ်မြို့တွင် ငွေကျပ် ခုနစ်ဘီလီယံကျော်တန်ဖိုး၊ မြိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ တန်ဖိုး၊ တောင်ကြီးမြို့တွင် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း

စာမျက်နှာ ၂၅ ကော်လံ ၁ ■